# ကြေးမုံ

The Mirror Daily

Established in 1957

၁၃၇၉ ခုနှစ် တော်သလင်းလဆန်း ၁၁ ရက်၊ သောကြာနေ့။ Friday, 1 September 2017 (၉၀၃၄)


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

# ဘဏ္ဍာနှစ် ကျော်လွန်သုံးစွဲခွင့်တောင်းခံခဲ့သည့် ငွေကျပ် ၂၅၉၃ သန်းကျော်ကို ရခိုင်ပြည်နယ် မြို့ရွေ့ရေးလုပ်ငန်းအတွက် အမှန်သုံးစွဲခဲ့ပြီးဖြစ်ဟုဆို

နေပြည်တော် ဩဂုတ် ၃၁

**ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း နှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ(၁၀/၂၀၁၇) အပါအဝင်လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို** လွှတ်တော်က မှတ်တမ်းတင်သဘောတူအတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့တွင် ထိုသို့အတည်ပြုဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌတို့က လွှတ်တော်သို့ ပြန်လည်ရှင်းလင်းတင်ပြကြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻**



ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့သို့ တက်ရောက်သည့် ပြည်ထောင်စုဝန်ကြီးများကို တွေ့ရစဉ်။

ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှု လုပ်ရပ်များ သိရှိနိုင်ရန် ပြည်တွင်း၊ ပြည်ပမီဒီယာများပါဝင်သော သတင်းအဖွဲ့ မောင်တောဒေသအတွင်း သတင်းရယူ

စာမျက်နှာ » ၉

တည်တည်ငြိမ်ငြိမ်နဲ့ အေးအေးချမ်းချမ်း နေနိုင်အောင် အကူအညီပေးစေချင်ပါတယ်၊ ကိုယ့်နေရာမှာကိုယ်ပြန်ပြီး နေချင်ပါတယ်

စာမျက်နှာ » ၁၀

## ရခိုင်ပြည်နယ်မြောက်ပိုင်း၌ အကြမ်းဖက်တိုက်ခိုက်ခံရမှုများနှင့်ပတ်သက်၍

## ကုလသမဂ္ဂ၊ ပြည်ပနိုင်ငံများ၊ သံရုံးများနှင့် အဖွဲ့အစည်းများက ပြစ်တင်ရှုတ်ချ

**နေပြည်တော် ဩဂုတ် ၃၁**

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များအား ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရှိ ကနေဒါနှင့် တရုတ်သံရုံးတို့မှလည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာမွတ်စ်စလင်မ် အရပ်ဘက်လူ့အဖွဲ့အစည်းနှစ်ခုဖြစ်သော တွဲလက်မြန်မာနှင့် ရွှေလက်ယာအဖွဲ့တို့မှလည်းကောင်း ပြစ်တင်ရှုတ်ချသည့် ကြေညာချက်များထုတ်ပြန်ခဲ့ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။

အလားတူ ပြစ်တင်ရှုတ်ချမှုကြေညာချက်များကို ကုလသမဂ္ဂနှင့် အမေရိကန်၊ အိန္ဒိယ၊ တူရကီနိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံရှိ အမေရိကန်၊ ဗြိတိသျှ၊ ဩစတြေးလျသံရုံးများကလည်း ထုတ်ပြန်ထားရှိသည်။

(သတင်းစဉ်)

# မီတာ ၁၉၀ အရှည်ရှိ ပင်လယ်ကူးကုန်တင်သင်္ဘောကြီးများ ရန်ကုန်ဆိပ်ကမ်း၌ ဆိုက်ကပ်နိုင်ပြီ

**ရန်ကုန် ဩဂုတ် ၃၁ -** ရန်ကုန်ဆိပ်ကမ်းသို့ ယခင်က အလျား ၁၆၇ မီတာ ထက်မကျော်သော သင်္ဘောများသာ ဆိုက်ကပ်နိုင်ခဲ့ရာမှ ယခုအခါ အလျား မီတာ ၁၉၀ အထိ ရှည်သော ပင်လယ်ကူးကုန်တင်သင်္ဘောကြီးများ ဆိုက်ကပ်နိုင်လာပြီဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**စာမျက်နှာ ၉ ကော်လံ ၅ သို့ ○**






# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် သတင်းမီဒီယာများနှင့် တွေ့ဆုံ





**နေပြည်တော် ဩဂုတ် ၃၁**
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများနှင့် ပြည်တွင်းသတင်းစာ၊ ဂျာနယ်များမှ အယ်ဒီတာနှင့် သတင်းထောက်များအား ယနေ့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် မီဒီယာခန်းမ၌ တွေ့ဆုံသည်။**(ဓါတ်ပုံ)**

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သတင်းမီဒီယာများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများနှင့် ပြည်တွင်းသတင်းစာ၊ ဂျာနယ် ၂၉ ခုတို့မှ အယ်ဒီတာနှင့် သတင်းထောက်များ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းပြီးပါက လက်တွေ့နယ်ပယ်တွင် စားသုံးသူများအတွက် ပိုမိုကာကွယ်ပေးသွားနိုင်

**နေပြည်တော် ဩဂုတ် ၃၁**
စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် မတ် ၁၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်တွင်ပြဋ္ဌာန်းခဲ့ပြီး ခေတ်နှင့်လျော်ညီကာ ဥပဒေအရ ပိုမိုအကာအကွယ်ပေးနိုင်ရန် လွှတ်တော်တွင် ပြင်ဆင်ရေးဆွဲနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

"စားသုံးသူအကာအကွယ်ပေးရေးဥပဒေ(၂၀၁၄)မှာ လိုအပ်ချက်တွေရှိနေတဲ့အတွက် အစားထိုးပြင်ဆင်ရေးဆွဲဖို့ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဆောင်တဲ့ ဌာနတွင်းပြင်ဆင်ရေးဆွဲရေးအဖွဲ့နဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးကိုတင်ပြပြီး သူတို့ရဲ့ အကြံပြုချက်တွေလည်း ရယူခဲ့ပြီးဖြစ်ပါတယ်။ အခု ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ လွှတ်တော်အဆင့်ဆင့်ကိုတင်ပြနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ပြင်ဆင်ထားတဲ့ ဥပဒေကို ခန့်မှန်းအနေနဲ့ ယခုနှစ်နှစ်ကုန် ဒါမှမဟုတ် လာမယ့်နှစ်နှစ်ဦးမှာ ပြဋ္ဌာန်းနိုင်မယ်လို့ ခန့်မှန်းပါတယ်"ဟု စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်က ပြောကြားသည်။

"ဥပဒေသစ်မှာ UN Guidelines အရ စားသုံးသူတွေရရှိနိုင်မယ့် အခွင့်အရေး(၈)ရပ်လုံးကို ထည့်သွင်းဖော်ပြထားပါတယ်။ ဥပဒေသစ်မှာ စီးပွားရေးလုပ်ငန်းရှင်တွေအတွက် သူတို့ထုတ်လုပ်တဲ့ ကုန်စည်အပေါ် ထုတ်ကုန်လုံခြုံစိတ်ချရမှု၊ ထုတ်ကုန်အပေါ် တာဝန်ရှိမှု၊ Labeling နှင့် Market Surveillance တွေကို အခန်းတစ်ခန်းစီ ထည့်သွင်းဖော်ပြထားပါတယ်။ စားသုံးသူအကာအကွယ်ပေးနိုင်ဖို့အတွက် ဥပဒေသစ်မှာ ဦးစီးဌာနက တရားလိုပြုလုပ်ပြီးတော့ အမှုဖွင့်တရားစွဲဆိုနိုင်မှာဖြစ်ပါတယ်။ အရင်ဥပဒေအရ တိုင်တန်းမှသာ တရားစွဲဆိုနိုင်ပြီးတော့ ဗဟိုကော်မတီ၊ သက်ဆိုင်ရာ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့တွေမှာသာ အရေးယူပိုင်ခွင့်ရှိခဲ့ပါတယ်။ ဒီအချက်က ဥပဒေသစ်ရဲ့ အားသာချက်တစ်ခုဖြစ်ပါတယ်။ ပြီးတော့ ဥပဒေသစ်မှာ ပြစ်မှုအတိမ်အနက်အလိုက် ပြစ်ဒဏ်(၅)မျိုးရှိပြီးတော့ အနည်းဆုံးပြစ်မှုအတွက် ပြစ်ဒဏ်ပမာဏကို ငွေကျပ်သိန်း ၃၀ နဲ့ ထောင်ဒဏ် (၃)လအထိ၊ အမြင့်ဆုံးပြစ်မှုအတွက် ငွေကျပ်သိန်း ၂၀၀၀ နဲ့ ထောင်ဒဏ်(၂)နှစ်အထိ သတ်မှတ်ထားပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

UN Guidelines အရ စားသုံးသူများရရှိနိုင်မည့် အခွင့်အရေး (၈)ရပ်မှာ စားသုံးသူများ ကုန်စည်နှင့်ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရရှိစေရေး၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ မှန်ကန်ပြည့်စုံသော သတင်းအချက်အလက်များရရှိစေရေး၊ ကုန်စည်နှင့် ဝန်ဆောင်မှုများအား စိတ်ကြိုက်ရွေးချယ်နိုင်ခွင့် ရရှိစေရေး၊ ကုန်စည်နှင့် ဝန်ဆောင်မှုများကြောင့် နစ်နာဆုံးရှုံးမှုများနှင့် စပ်လျဉ်း၍ ပါဝင်ကြားနာခွင့်ရရှိစေရေး၊ ကုန်စည်နှင့် ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ စားသုံးသူ၏ အခြေခံလိုအပ်ချက်များပေါ်တွင် စိတ်ကျေနပ်မှုရရှိစေရေး၊ ကုန်စည်နှင့် ဝန်ဆောင်မှုများကြောင့် ဖြစ်ပေါ်သော ဆုံးရှုံးနစ်နာမှုများကို ကုစားခွင့်ရရှိစေရေး၊ ကုန်စည်နှင့် ဝန်ဆောင်မှုများနှင့် ပတ်သက်သည့် အသိပညာများ၊ အခွင့်အရေးနှင့် အချက်အလက်များကို သိရှိလေ့လာခွင့်ရရှိစေရေး၊ ကျန်းမာဝပြောသည့် ပတ်ဝန်းကျင်ကောင်းတွင် ရှင်သန်နေထိုင်ခွင့်ရရှိစေရေးတို့ဖြစ်ကြောင်း သိရသည်။

"ဥပဒေအစားထိုးပြင်ဆင်ရေးဆွဲဖို့ ဆောင်ရွက်ခဲ့သလို ဥပဒေသစ်အတွက် နည်းဥပဒေများ(မူကြမ်း)ကိုလည်း တစ်ပြိုင်နက်တည်းရေးဆွဲတာ အတော်အသင့်ခရီးရောက်ပြီဖြစ်ပါတယ်။ စားသုံးသူတွေအတွက် ဥပဒေအသစ်ပြဋ္ဌာန်းပြီးရင် အကာအကွယ်ပိုပေးနိုင်မယ်။ ဥပဒေအဟောင်းမှာရှိတဲ့ကန့်သတ်ချက်တွေကို ကျော်လွှားနိုင်ပြီး လက်တွေ့နယ်ပယ်မှာ ပိုမိုဆောင်ရွက်လာနိုင်မှာဖြစ်ပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူးက ရှင်းပြသည်။

ဥပဒေကို ပြင်ဆင်ရေးဆွဲနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ UMFCCI နှင့် စားသုံးသူအရေးဆောင်ရွက်နေသည့် မြန်မာစားသုံးသူများသမဂ္ဂတို့နှင့် ပူးပေါင်းအဖွဲ့ဖွဲ့စည်းကာ အကြံပြုချက်များလည်း ရယူခဲ့သည့်အပြင် USAID ၏ပူးပေါင်းကူညီမှုဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့ကြီးများတွင် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ကာ အကြံပြုချက်များ ရယူရေးဆွဲခဲ့ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

**(ရှင်မင်း)**

❐

# ဆေးဝါးကုသမှုခံယူနေသော NLD နာယက ဦးတင်ဦး ကျန်းမာရေးအခြေအနေကောင်းမွန်၍ ဆေးရုံမှဆင်း

**ရန်ကုန် ဩဂုတ် ၃၁**
ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်၌ သုံးလကျော် ဆေးဝါးကုသမှုခံယူနေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦးသည် ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်လာပြီဖြစ်၍ ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ဆေးရုံမှ ပြန်လည်ဆင်းခဲ့သည်။

ဦးတင်ဦးသည် မေ ၁၇ ရက် ည ၁၁ နာရီခန့်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက်ရှိ ၎င်း၏နေအိမ်ရေချိုးခန်းအတွင်း ချော်လဲရာမှ ဦးနှောက်သွေးကြောပိတ်ကာ လေဖြတ်ဝေဒနာခံစားခဲ့ရသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသမှု ခံယူခဲ့ခြင်းဖြစ်သည်။

ဦးတင်ဦးသည် အသက်(၉၂)နှစ်အရွယ်ရှိပြီး နှလုံးနှင့်သွေးတိုးရောဂါရှိသဖြင့် ဦးနှောက်နှင့်အာရုံကြောခွဲစိတ်၊ ဦးနှောက်နှင့်အာရုံကြောအထူးကု၊ နှလုံးရောဂါအထူးကုနှင့် အထူးကြပ်မတ်ကုသဆောင်မှ ဆရာဝန်ကြီးများပါဝင်သော ဆေးကုသအဖွဲ့က အနီးကပ်ဆေးဝါးကုသစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ရာ ကျန်းမာရေးအခြေအနေမှာ တိုးတက်မှုများရှိလာသဖြင့် ယနေ့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပြန်လည်ဆင်းခဲ့ခြင်းဖြစ်ပြီး နေအိမ်တွင် ကျန်းမာရေးအထောက်အကူပြု လေ့ကျင့်ခန်းများကို ဆက်လက်ပြုလုပ်ရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏိတ)**



# ငလျင်ဒဏ်သင့် ပုဂံဘုရားပုထိုးများ ထိန်းသိမ်းစောင့်ရှောက်ရေး အိန္ဒိယနှင့် မြန်မာ နားလည်မှုစာချွန်လွှာရေးထိုးမည်

**နေပြည်တော် ဩဂုတ် ၃၁**
အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နရိန္ဒြာမိုဒီသည် လာမည့်တစ်ပတ်အတွင်း မြန်မာနိုင်ငံသို့ အလည်အပတ်ခရီး လာရောက်မည်ဖြစ်ရာ အဆိုပါခရီးစဉ်အတွင်း ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံဒေသရှိ ငလျင်ဒဏ်သင့် ဘုရားပုထိုးစေတီများ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့ နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း အေအင်န်အိုင်သတင်းဌာနက ဩဂုတ် ၃၀ ရက်တွင် သတင်းဖော်ပြထားသည်။

ပုဂံဒေသသည် မြန်မာနိုင်ငံ၏ ခရီးသွားလာမှုအတွက် ဆွဲဆောင်မှုအရှိဆုံးစာရင်းဝင်ဖြစ်သည့်အပြင် အိန္ဒိယနှင့် မြန်မာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးလိုက်မည်ဆိုပါက ပုဂံဒေသရှိ ငလျင်ဒဏ်သင့် ဘုရားပုထိုးစေတီများ ပြန်လည်ပြုပြင်မှုတွင် အိန္ဒိယနိုင်ငံအတွက်လည်း ၎င်းတို့၏ ကျွမ်းကျင်မှုကိုပြသနိုင်မည့်အခွင့်အလမ်းတစ်ရပ် ရရှိလိမ့်မည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

အဆိုပါ နားလည်မှုစာချွန်လွှာကို ယခုနှစ် စက်တင်ဘာ ၆ ရက်မှ ၇ ရက်အထိ မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်မည့် အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီ၏ ခရီးစဉ်အတွင်း လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်းလည်း သိရသည်။ ယင်းနားလည်မှုစာချွန်လွှာသည် ယဉ်ကျေးမှုနှင့် ဘာသာရေးနယ်ပယ်တို့တွင် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား တည်ရှိနေသည့်ဆက်ဆံရေးကို ပိုမိုခိုင်မာစေမည်ဖြစ်ကြောင်းလည်း သတင်းတွင်ဖော်ပြထားသည်။

ပုဂံဒေသရှိ ဘုရားပုထိုးစေတီများသည် ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်က ငလျင်ဒဏ်သင့်ခဲ့ခြင်းဖြစ်ပြီး အဆိုပါငလျင်ဒဏ်သင့် ဘုရားပုထိုးစေတီများ ထိန်းသိမ်းစောင့်ရှောက်ရေးစီမံကိန်းသည် ဘာသာရေးအရရော ခရီးသွားဧည့်သည်ဝင်ရောက်မှုအတွက်ပါ သိသာထင်ရှားစေခြင်းကြောင့် ဝန်ကြီးချုပ် နရိန္ဒြာမိုဒီ၏ မြန်မာနိုင်ငံခရီးစဉ်သည် မြန်မာနိုင်ငံပြည်သူလူထုအကြား အိန္ဒိယနိုင်ငံအတွက် ခိုင်မြဲသည့်ချစ်ကြည်ရေးကိုလည်း ဖြစ်ပေါ်စေလိမ့်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

**(နိုင်လင်းကြည်)**

# အချက်ပြမီး ပြောင်းလဲကျင့်သုံးခြင်း အသိပညာပေး

**မန္တလေး ဩဂုတ် ၃၁**
ယာဉ်များ အချက်ပြမီးအမှန်သို့ ပြောင်းလဲခြင်းကို စက်တင်ဘာ ၁ ရက်မှစ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ချိန်တည်းတစ်ပြိုင်တည်း ပြောင်းလဲကျင့်သုံးမည်ဖြစ်ရာ အသိပညာပေးလှုပ်ရှားမှုအနေဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီ၊ လူမှုရေးအသင်းအဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့များသည် ယနေ့တွင် မြို့ဝင်/ထွက်ဂိတ်များ၌ ပညာပေးလှုပ်ရှားမှုများအနေဖြင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ကြော်ငြာပိုစတာများဖြင့် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီအနေဖြင့် ပညာပေးလုပ်ငန်းများကို ဇွန် ၁၆ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ပညာပေးကာလအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# တောင်ကိုရီးယားနှင့် အမေရိကန်စစ်လေယာဉ်များ ကိုရီးယားကျွန်းဆွယ်ဝေဟင်၌ စစ်ရေးလေ့ကျင့်

**ဆိုးလ် ဩဂုတ် ၃၁**

တောင်ကိုရီးယားလေတပ်သည် နျူကလီးယားလက်နက် သယ်ဆောင်နိုင်သော အမေရိကန် ဗုံးကြဲလေယာဉ်နှစ်စင်းနှင့်အတူ ကိုရီးယားကျွန်းဆွယ်၏ ဝေဟင်အတွင်း ဩဂုတ် ၃၁ ရက်က ပူးတွဲစစ်ရေးလေ့ကျင့်ခဲ့ကြောင်း၊ မြောက်ကိုရီးယားနိုင်ငံက ဂျပန်နိုင်ငံ၏ဝေဟင်ကို ကျော်ဖြတ်ကာ ဒုံးကျည်ပစ်ခတ်ခဲ့ပြီးနောက် နှစ်ရက်အကြာတွင် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ပြုလုပ်ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အမေရိကန်လေတပ်မှ အသံထက်မြန်သော အမြန်နှုန်းဖြင့် ပျံသန်းနိုင်သော ဘီ-၁ဘီ အမျိုးအစားလေယာဉ်နှစ်စင်း၊ ကိုယ်ပျောက်အက်ဖ်-၃၅ ဘီအမျိုးအစားလေယာဉ်လေးစင်းနှင့်အတူ တောင်ကိုရီးယားဂျက်တိုက်လေယာဉ်များ ပါဝင်လေ့ကျင့်ခဲ့ကြကြောင်း၊ အမေရိကန်-တောင်ကိုရီးယား နှစ်ပတ်လည်ပူးတွဲစစ်ရေးလေ့ကျင့်ရေး အစီအစဉ်အရ နောက်ဆုံးလေ့ကျင့်မှုတွင် နှစ်နိုင်ငံမှ စစ်လေယာဉ်များပါဝင်ကြောင်း တောင်ကိုရီးယားတပ်မတော်က ပြောကြားသည်။

အမေရိကန်နှင့် တောင်ကိုရီးယားတို့ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ကျူးကျော်တိုက်ခိုက်ရန် ပြင်ဆင်မှုအဖြစ် မြောက်ကိုရီးယားနိုင်ငံက အပြင်းအထန်ကန့်ကွက်ခဲ့ပြီး ပြန်လည်ခြိမ်းခြောက်မှု ပြုလုပ်ခဲ့သည်။ **ရိုက်တာ။**





# မွမ်ဘိုင်း၌ သက်တမ်း ၁၀၀ ရှိ အဆောက်အအုံပြိုကျ၊ အနည်းဆုံး ၁၅ ဦးသေဆုံး

**မွမ်ဘိုင်း ဩဂုတ် ၃၁**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် နှစ်(၁၀၀) သက်တမ်းရှိပြီဖြစ်သော အဆောက်အအုံတစ်လုံးပြိုကျခဲ့ရာ**(အပေါ်ပုံ)** အနည်းဆုံး လူ ၁၅ ဦး သေဆုံးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ အထပ်ငါးထပ်ပါရှိသည့် အဆောက်အအုံတွင် မိသားစု ၁၀ စုနေထိုင်ကြသည်။ အဆောက်အအုံပြိုကျမှုကြောင့် အပျက်အစီးများ အောက်တွင် လူအများအပြား ပိတ်မိနေနိုင်ဖွယ်ရှိကြောင်း သိရသည်။

ဒေသန္တရရဲအရာရှိများ၊ မီးသတ်သမားများနှင့် ကယ်ဆယ်ရေး လုပ်သားများက မြေတူးစက်များဖြင့် အပျက်အစီးများကို ဖယ်ရှားကာ အတွင်းရှိ ပိတ်မိနေသူများအား ကြိုးစားကယ်ဆယ်လျက်ရှိသည်။

အာဏာပိုင်များအနေဖြင့် အဆိုပါအဆောက်အအုံ၌ နေထိုင်သူများကို သက်တမ်းအားဖြင့် ကြာမြင့်လွန်းပြီဖြစ်သည့် ယင်းအဆောက်အအုံမှ ပြောင်းရွှေ့ကြရန် လွန်ခဲ့သောလေးနှစ်က သတိပေးချက် ထုတ်ပြန်ပေးခဲ့သည်။

သို့သော် အိန္ဒိယနိုင်ငံတွင် တန်ဖိုးနည်း အိမ်ရာစီမံကိန်းများ နည်းပါးသည့်အတွက် အိန္ဒိယပြည်သူ အများအပြားသည် ကိုလိုနီခေတ် အတွင်းက တည်ဆောက်ခဲ့သည့် ယိုယွင်းပျက်စီးနေသည့် အဆောက် အအုံများတွင်သာ ဆက်လက်နေထိုင်လျက်ရှိကြသည်။

ယခုနှစ် မိုးရာသီအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယခုပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံ၏ ကြံ့ခိုင်ခြင်းကို ယိုယွင်းမှု ဖြစ်စေခဲ့သည်ဟု ရဲအရာရှိများက ထင်ကြေးပေးကြသည်။ **အင်န်အိတ်ချ်ကေ။**




# ရေလွှမ်းမိုးခံရသည့် တက္ကဆက်ပြည်နယ် ဓာတုစက်ရုံ၌ ပေါက်ကွဲမှု နှစ်ကြိမ်ဖြစ်ပွား

**ဟူစတန် ဩဂုတ် ၃၁**

အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် ခရော့စ်ဘီမြို့၌ ရေလွှမ်းမိုး ခံနေရသည့် အာကီမာ အက်စ်အေအမည်ရှိ ဓာတုပစ္စည်းစက်ရုံတွင် ဩဂုတ် ၃၀ ရက်က ပေါက်ကွဲမှုနှစ်ကြိမ် ဖြစ်ပွားခဲ့ကြောင်း၊ ရဲအရာရှိ တစ်ဦးမှာ ဓာတုပစ္စည်းအငွေ့အသက်များကို ရှူရှိုက်မိပြီးနောက် ၎င်းကို ဆေးရုံသို့တင်ပို့ပေးခဲ့ရကြောင်း ယင်းဓာတုပစ္စည်းကုမ္ပဏီက ပြောကြားသည်။

ခရော့စ်ဘီမြို့တွင်းရှိ အဆိုပါစက်ရုံတွင် ပေါက်ကွဲမှုနှစ်ကြိမ် ဖြစ်ပွားခဲ့ပြီး အနက်ရောင်မီးခိုးလုံးများ စက်ရုံမှ ပေါ်ထွက်ခဲ့သည်ဟု ဟဲရစ်စီရင်စု အရေးပေါ်လုပ်ငန်းဌာနက ဩဂုတ် ၃၁ ရက် နံနက် ၂ နာရီခန့်တွင် မိမိတို့ကို အသိပေးအကြောင်းခဲ့ကြောင်း အာကီမာ ဓာတုပစ္စည်းကုမ္ပဏီက ပြောကြားသည်။

အာကီမာ ဓာတုပစ္စည်းစက်ရုံ၏ နေရာအများအပြားတွင် ဓာတု ပစ္စည်းများကို သိုလှောင်ထားရှိမှုကြောင့် နောက်ဆက်တွဲ ပေါက်ကွဲမှု များ ထပ်မံဖြစ်ပေါ်လာနိုင်ဖွယ်ရှိသဖြင့် ဒေသခံများအနေဖြင့် သတိ ရှိကြရန် အသိပေးထားသည်။ ဒေသခံများသည် ဘေးအန္တရာယ်ရှိဇုန် အဖြစ် သတ်မှတ်ထားသောနယ်မြေတွင်းသို့ ဝင်ရောက်ခြင်း မပြုကြရန် အဆိုပါကုမ္ပဏီက နှိုးဆော်ထားသည်။

ဟဲရစ် စီရင်စု ရဲအဖွဲ့မှ အရာရှိတစ်ဦးကို ဆေးရုံသို့ တင်ပို့ပေးခဲ့ပြီး ၎င်းကဲ့သို့ ဓာတုပစ္စည်းအခိုးအငွေ့ရှူရှိုက်မိသော လူကိုးဦး မှာ ၎င်းတို့ကိုယ်တိုင် ကြိုတင်ကာကွယ်မှုယူရန် ဆေးရုံသို့ သွားရောက် ကြကြောင်း ဟဲရစ်စီရင်စုရဲအဖွဲ့၏တွစ်တာစာမျက်နှာ၌ ဖော်ပြသည်။

တက္ကဆက်ပြည်နယ်အတွင်းသို့ ဟာရီကိန်းဟာဗေးမုန်တိုင်း ဝင်ရောက်ခြင်းမပြုမီ ဩဂုတ် ၂၅ ရက်တွင် စက်ရုံလုပ်ငန်းများကို ရပ်ဆိုင်းထားခဲ့ပြီး ဩဂုတ် ၂၉ ရက်တွင် စက်ရုံတွင်းရှိ နောက်ဆုံး ကျန်ရစ်သည့် အလုပ်သမားများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ သည်။

စက်ရုံအနီးဝန်းကျင်မှ အချင်း ၁ ဒသမ ၅ မိုင် (၂ ဒသမ ၄ ကီလိုမီတာ)အတွင်းရှိ ဒေသခံများအား ဟဲရစ်စီရင်စု အုပ်ချုပ်ရေးအဖွဲ့ က ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။

အော်ဂဲနစ်ပါအောက်ဆိုက်သည် ပလတ်စတစ်ကော်စေ့များ၊ စားသောက်ဖွယ်ရာများ ထည့်သွင်းသည့် ပလတ်စတစ်ဖော့ဖြူများ၊ သုတ်ဆေးများနှင့် အခြားထုတ်ကုန်များထုတ်လုပ်ရာတွင် အသုံးပြုသည့် အကူပစ္စည်းတစ်မျိုးဖြစ်ပြီး အလွန်မီးလောင်လွယ်သည်။ **ရိုက်တာ။**



# အမေဇုန် သစ်တောနယ်မြေတစ်ခု၌ ဓာတ်သတ္တုတူးဖော်မှု ဘရာဇီး ဖက်ဒရယ်တရားရုံး တရားသူကြီး တားမြစ်မိန့်ထုတ်

**ဘရာစီလီယာ ဩဂုတ် ၃၁**

အမေဇုန်သစ်တောဒေသ၏ နယ်မြေတစ်ခုကို ဓာတ်သတ္တုရှာဖွေတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ လုပ်ကိုင်နိုင်ရေးအတွက် ခွင့်ပြုပေးသော သမ္မတအမိန့် ဒီကရီတစ်ရပ်ကို ဘရာဇီး တရားသူကြီးတစ်ဦးက ပိတ်ပင်တားဆီးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၃၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘရာဇီးနိုင်ငံမြောက်ပိုင်းရှိ ကာကွယ်တောအဖြစ် သတ်မှတ်ခံထားရသော သစ်တော နယ်မြေအတွင်း ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပေးမည်ဆိုပါက ကွန်ဂရက်လွှတ်တော်၏ ခွင့်ပြုချက်ရယူရန် လိုအပ်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဥပဒေတွင် ပြင်ဆင်ချက်များ ပြုလုပ်ရန်လည်းလိုအပ်မည်ဖြစ်ကြောင်း၊ သမ္မတ မိုက်ကယ်တီးမား၏ ခွင့်ပြုမိန့်ဖြင့် ကာကွယ်တောအတွင်း ဓာတ်သတ္တုတူးဖော်ခွင့်မရှိကြောင်း ဖက်ဒရယ်တရားရုံး တရားသူကြီး ရိုနယ်ဒိုစပန်ဟိုလို၏ စီရင်ဆုံးဖြတ်ချက်တွင် ဖော်ပြသည်။

ဘရာဇီးသမ္မတ တီးမားသည် ရန်ကာဒေသ၌ ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရေး လုပ်ကိုင် ခွင့်ပြုရန် ခွင့်ပြုသည့်အမိန့်တစ်ရပ်ကို လွန်ခဲ့သည့် ရက်သတ္တပတ်က ထုတ်ပြန်ခဲ့သည်။ ယင်းသို့ ခွင့်ပြုပေးသည့် သစ်တောနယ်မြေမှာ ဒိန်းမတ်နိုင်ငံ၏ အရွယ်အစားတမျှရှိပြီး ရွှေ၊ သွပ်၊ ဖော့စဖိတ်နှင့် မင်ဂနီးစ်တို့ကဲ့သို့သော ဓာတ်သတ္တုများထုတ်လုပ်နိုင်သော နယ်မြေဖြစ်သည်။

ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ခြင်းဖြင့် သစ်တောဒေသအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားမျိုးနွယ်အုပ်စုများနှင့် ဓာတ်သတ္တု ကုမ္ပဏီများအကြား တည်ရှိနှင့်ပြီး ပဋိပက္ခများ ပိုမိုဆိုးရွားလာနိုင်သည်ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများက ပြောကြားကြ သည်။

၁၉၈၄ ခုနှစ်မှစ၍ ကာကွယ်တောအဖြစ် သတ်မှတ်ခံထားရသည့် နယ်မြေတစ်စိတ် တစ်ဒေသကို ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများအတွက် လုပ်ကိုင်ခွင့်ပေးခြင်းကို ဖက်ဒရယ်တရားရုံး တရားသူကြီးက ဟန့်တားပိတ်ပင်ခြင်းဖြစ်သည်။ **ရိုက်တာ။**

# ပဉ္စမပုံမှန်အစည်းအဝေး (၅၄)ရက်မြောက်နေ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နှုတ်ခွန်းဆက်အမှာစကားပြောကြား

**နေပြည်တော် ဩဂုတ် ၃၁**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၄)ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်း ၄ ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာဦးအေးမင်း၏ **ခရမ်းမြို့နယ်အတွင်းရှိ တစ်ပိုင်တစ်နိုင် ကြက်၊ ငါး မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် မည်သို့ ကူညီပံ့ပိုးပေးမည်ကို သိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ခရမ်းမြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာ၌ ငါးကန်ဧရိယာ ဧက ၁၆၀၀ တွင် ငါးတန်နှင့် ရေချိုငါးမုတ်တို့အား တစ်ဧကလျှင် ကောင်ရေ ၃၀၀၀ နှုန်းဖြင့် ထည့်သွင်းမွေးမြူပြီး အဆိုပါငါးကန်များပေါ်တွင် ကြက်ခြံ ၃၂၈ ခြံ၊ ကြက်ကောင်ရေ ၇ သိန်းခန့် မွေးမြူလျက်ရှိပါကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ငါးလုပ်ငန်းစခန်း ၃ ခုဖြစ်သော လှော်ကား၊ လေးဒေါင့်ကန်နှင့် တွံတေးစခန်းတို့မှ ကြီးထွားနှုန်းကောင်းပြီး မျိုးကောင်း၊ မျိုးသန့် ငါးသားပေါက်များကို ဈေးနှုန်းချိုသာစွာရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဒေသခံငါးမွေးတောင်သူများ ကိုယ်တိုင်ငါးသားဖောက်နိုင်ရေးအတွက် တစ်ပိုင်တစ်နိုင် ငါးသားဖောက်ရုံ ၂ ခုအား သက္ကယ်ကုန်းကျေးရွာနှင့် ပုဇင်းနီးကန်ကျေးရွာတို့တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် တည်ဆောက်ပေးခဲ့ပါကြောင်း၊ အဆိုပါ မွေးမြူရေးငါးများ ပြည်ပဈေးကွက်လိုအပ်ချက် စံချိန်စံညွှန်းများနှင့်အညီ တင်ပို့နိုင်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနမှ (ISO–17025)အဆင့်ရှိ ဓာတ်ခွဲခန်းတွင် ဓာတ်ခွဲစစ်ဆေးပြီး ထောက်ခံချက်များ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ခရမ်းမြို့နယ်အတွင်း ကြက်မွေးမြူရေးလုပ်ငန်းများသည် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းဖြစ်၍ Cold Storage အဆင့်တည်ဆောက်ပါက ကုန်ကျစရိတ်များပြားနိုင်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်သူများဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်ရေး၊ ကြက်သားဈေးနှုန်းတည်ငြိမ်ရေးတို့အတွက် ကြက်သားအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချစေရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ပြီး ခေတ်မီသိုလှောင်ရုံများ တည်ဆောက်နိုင်ရေးအစီအစဉ်များ ချမှတ်ရေးဆွဲ ဆောင်ရွက်လျက်ရှိပါကြောင်း။

ခေတ်မီနည်းပညာများ ကူညီပေးခြင်းနှင့် ပတ်သက်၍ ကြက်မွေးမြူရေး နည်းပညာဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်ဆေးဝါးများအပါအဝင် နည်းပညာဆိုင်ရာ ပညာပေးဆွေးနွေးပွဲများ ကျင်းပခြင်း၊ ငါးမွေးမြူကန်မှထွက်ရှိသော ငါးများအား ဈေးကွက်ဝင်ရောင်းချနိုင်ရေး အတွက် မွေးမြူသည့်နည်းပညာများပေးခြင်း၊ ငါးဆေးထိုးသားဖောက် သင်တန်းများ သင်ကြားပို့ချပေးခြင်းစသည့် နည်းပညာဆိုင်ရာ ပံ့ပိုးမှုများအပြင်



ဒုတိယဝန်ကြီး
ဦးလှကျော်



ခရမ်းမဲဆန္ဒနယ်မှ
ဒေါက်တာဦးအေးမင်း

မွေးမြူသူများ၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

မောက်မယ် မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း၏ **မောက်မယ်မြို့နယ် နားဆိုင်းကျေးရွာတွင်တည်ရှိသော နမ့်အွန်ရေတံလျှောက်ကို သံပေါင်ရက်မ ဆက်လက်တပ်ဆင်ပေးခြင်း၊ ကွန်ကရစ်တိုင်အောက်ခြေမွမ်းမံခြင်း၊ နမ့်အွန် ရေတံလျှောက် ရေဝင်လမ်း၊ ရေထိန်းတံခါးနှင့် ရေလွှဲတံခါးတပ်ဆင်ပေးရန်၊ ရေဝင်လမ်းကြောင်းထိပ်မှ ရေထွက်ဦးအထိ ကျောက်စီနံရံထိန်းချုပ်မှတ် ဆောင်ရွက်ပေးရန်၊ နမ့်အွန်ရေတံလျှောက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝန်ကြီးဌာနမှ တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် နားဆိုင်းကျေးရွာ အနောက်ဘက် ၃ မိုင်ခန့်အကွာရှိ နမ့်အွန်ရေထွက်မှ ရေကိုသွယ်ယူ၍ နမ့်ကတ်ချောင်းကိုဖြတ်ကာ တည်ဆောက်ထားသော နမ့်အွန်ရေတံလျှောက်မှာ ဒေသမှတည်ဆောက်ထိန်းသိမ်းထားသော ရေပေးအဆောက်အအုံ တစ်ခုဖြစ်ပြီး လယ်မြေ ၂၃၅ ဧကခန့်အား စိုက်ပျိုးရေ ပေးဝေလျက်ရှိပါကြောင်း၊ အဆိုပါရေတံလျှောက်မှာ အလျား ပေ ၂၀၀၊ အမြင့် ၃၅ ပေခန့်ရှိပြီး မူလက သစ်သားတိုင်၊ သစ်သားအခင်း၊ အကာများဖြင့် တည်ဆောက်ထားကာ သစ်သားတိုင်များမှာ ခိုင်ခံ့မှုအားနည်းနေသောကြောင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရ ရန်ပုံငွေ ကျပ်သန်း ၄၀ ကျော်ဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူ၍ သစ်သားတိုင်များအစား ကျောက်စီကွန်ကရစ်တိုင်ဖြင့် အခိုင်အမာ ပြုပြင်တည်ဆောက်ပေးခဲ့ပါကြောင်း၊ ထို့နောက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ရှမ်းပြည်နယ်အစိုးရ ရန်ပုံငွေကျပ် ၄ သန်းကျော်ဖြင့် သံပေါင် ရက်မ တပ်ဆင်ခြင်း၊ ရေသွားလမ်းသစ်သားကြမ်းခင်းနှင့် အကာပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာတွင် ရန်ပုံငွေ ရရှိသည့်အပေါ် မူတည်၍ ၆၀ရာခိုင်နှုန်းခန့်သာ ပြုပြင်ပေးနိုင်ခဲ့သဖြင့် လက်ရှိအခြေအနေအရ ထပ်မံပြုပြင်ပေးရန် လိုအပ်လျက်ရှိပါကြောင်း။

နမ့်အွန်ရေတံလျှောက်သည် မူလကတည်းကဒေသမှ ထိန်းသိမ်းထားသော ရေပေးအဆောက်အအုံတစ်ခုဖြစ်ပြီး အကျိုးပြုဧက ၂၃၅ ဧကခန့်သာ ရှိခြင်းကြောင့် ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ ရေသောက်တောင်သူများ စုပေါင်း၍ဆောင်ရွက်ပါက ကောင်းမွန်နိုင်နင်းစွာ ဆောင်ရွက်နိုင်သောကြောင့် လည်းကောင်း၊ အထူးပြင်ဆင်ရန် လိုအပ်လာပါက ပြည်နယ်ရန်ပုံငွေ တင်ပြတောင်းခံ၍ ဌာနမှတာဝန်ယူပြုပြင်ပေးလျက်ရှိသောကြောင့် လည်းကောင်း ကျေးရွာမှ ဆက်လက်ထိန်းသိမ်းသင့်သည့် အသေးစားရေပေး အဆောက်အအုံ ဖြစ်ပါကြောင်းနှင့် နမ့်အွန်ရေတံလျှောက်နှင့် ဆက်စပ် ရေပေးအဆောက်အအုံများ၊ ရေဝင်မြောင်းများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ရန်ပုံငွေကျပ်သန်း ၁၃၀ အား ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေတွင် ထည့်သွင်းတင်ပြတောင်းခံ၍ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် အခြေခံပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်နှင့် လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်စည်သူတို့၏ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က နှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် ၂၀၁၇ခုနှစ် မေလ ၁၈ ရက်က စတင်ကျင်းပခဲ့သည့် ပဉ္စမပုံမှန် အစည်းအဝေးသည် ယနေ့တွင်(၅၄)ရက်မြောက် ရှိခဲ့ပြီဖြစ်ပါကြောင်း၊ အစည်းအဝေးကာလအတွင်း ကြယ်ပွင့်ပြမေးခွန်း ၃၁၀ မေးမြန်းဖြေကြားခြင်း၊ ကြယ်ပွင့်မပြမေးခွန်း ၇၂၉ ခု ဖြေကြားခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အရေးကြီးအဆို ၂ ခု အပါအဝင် အဆို ၂၃ခု တင်သွင်းနိုင်ခဲ့ပြီး အတည်ပြုအဆို ၁၁ ခုနှင့် မှတ်တမ်းတင် အဆို ၁၂ခု တို့ ဖြစ်ကြပါကြောင်း၊ ဥပဒေကြမ်းများ အနေဖြင့် ဆွေးနွေးဆောင်ရွက်ခဲ့သည့် ဥပဒေကြမ်း ၃၃ ခုရှိပြီး ဥပဒေကြမ်း ၁၆ ခုကို အတည်ပြုနိုင်ခဲ့ပါကြောင်း၊ ဆောင်ရွက်ရန် ဥပဒေကြမ်း ၁၇ ခု ကျန်ရှိပါကြောင်း။

ယခုအစည်းအဝေးကာလအတွင်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂၂ ဦး ကတိသစ္စာပြုခြင်း၊ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားသည့် ကော်မတီ ၁၉ ခု၏ နှစ်ပတ်လည် အစီရင်ခံစာများကို အတည်ပြုခြင်း၊ ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ **စာမျက်နှာ ၈ သို့**

# တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ နှစ်စဉ်ဘတ်ဂျက်ခွဲဝေရရှိမှု၊ နိုင်ငံတကာချေးငွေရရှိမှုဖြင့် ကျေးရွာများ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး ဆောင်ရွက်နေ

**နေပြည်တော် ဩဂုတ် ၃၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၅၃)ရက်မြောက်နေ့ အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး၏ **ကျေးလက်ဒေသများ၏လူနေမှုဘဝနှင့် အခြေခံအဆောက်အအုံမြှင့်တင်ရေးတွင် ကျေးလက်နေလူတန်းစားအားလုံး ပါဝင်လာနိုင်ရေးအတွက် ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရေးကော်မတီများ၏ မူများကို သက်ဆိုင်ရာဌာနများမှ ပြင်ဆင်ရေးဆွဲ၊ အတည်ပြု၊ ပြဋ္ဌာန်း၊ အကောင်အထည်ဖော် ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဝန်ကြီးဌာနအနေဖြင့် နှစ်စဉ်ခွဲဝေရရှိသည့် ရန်ပုံငွေကို အသုံးပြု၍လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက ၎င်းတို့၏ နှစ်စဉ် ဘတ်ဂျက်ခွဲဝေရရှိမှုများအရ လည်းကောင်း၊ နိုင်ငံတကာမှနှစ်စဉ် ချေးငွေများမှ ရယူ၍လည်းကောင်း၊ ကျေးရွာများကို လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးဝေနိုင်ရန် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ ထိုအစီအစဉ်များထက် ဓာတ်အားများ ဆောလျင်စွာရရှိနိုင်ရန်



လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်

ကျေးရွာများမှ ရွာသူရွာသားများက ငွေကြေးစုဆောင်းကြပြီး ကျေးရွာ၏ အစီအစဉ်ဖြင့် ကိုယ့်အားကိုယ်ကိုး မီးလင်းရေးကို ဆောင်ရွက်လျက်ရှိကြပါကြောင်း။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် ကျေးရွာမီးလင်းရေး ကော်မတီက မီးလင်းရေးများကို ဆောင်ရွက်ကြရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက် ၁၂ ချက်ကို သတ်မှတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ အချက် ၁၂ ချက်၏ ရည်ရွယ်ချက်သည် ကျေးရွာမီးလင်းရေး ကော်မတီက တည်ဆောက်ရမည့် ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံများ ရေရှည်တည်တံ့ခိုင်မြဲရေး၊ လျှပ်စစ် အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အား



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး

ပျောက်ဆုံးမှု လျော့နည်းစေရေးစသည့် နည်းပညာဆိုင်ရာအချက်များကို ကျေးရွာအကျိုးအတွက် သတ်မှတ်ပေးခဲ့ပါကြောင်း။

မီးလင်းရေးကော်မတီအား အသင်းအဖွဲ့များ ဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ကျေးရွာလူထုက ပွင့်လင်းမြင်သာစွာ မဲစနစ်ဖြင့် ရွေးချယ်ခဲ့ပါကြောင်း၊ မီးလင်းရေးကော်မတီက သက်တမ်းသတ်မှတ်နိုင်ရေးနှင့် သက်တမ်းပြည့်ပါက ထပ်မံရွေးချယ်ပါကြောင်း၊ မီးလင်းရေးကော်မတီမှ နှစ်စဉ် ငွေစာရင်းရှင်းလင်းသွားရန်၊ ငွေကြေးမရှင်းလင်းနိုင်မှုနှင့် အလွဲသုံးစားမှုများ ထင်ရှားနေပါက ကော်မတီအား မီးယူထားသည့် အိမ်ထောင်စုများမှ မဲပေး၍ ပြန်လည်ရွေးချယ်ဖွဲ့စည်းပါကြောင်း၊ ယင်းအချက်များကြောင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူများ ပူးပေါင်းပါဝင်ညှိနှိုင်းပြီး ကျေးရွာမီးလင်းရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများအား ညှိနှိုင်းဆွေးနွေးရန် စီစဉ်လျက်ရှိပါကြောင်း ဖြေကြားသည်။

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်ရှားမူ၏ **ကယားပြည်နယ် ဖရူဆိုမြို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မြို့နယ်အဆင့် ဘဏ်ခွဲတစ်ခုဖွင့်လှစ်ပါက ဘဏ်ခွဲအဆောက်အအုံအတွက် မြေနေရာ၊ ငွေတိုက်ငွေသိုလှောင်ခန်း၊ ငွေပို့ငွေသယ်မော်တော်ယာဉ် စသည်တို့အပြင် ဝန်ထမ်းဦးရေ ၁၅ ဦးမှ ၂၀ အထိ ခန့်ထားရန် လိုအပ်ပါကြောင်း၊ ဖရူဆိုမြို့သည် လွိုင်ကော်မြို့နှင့် ၂၂ မိုင်ကွာဝေးပြီး လူဦးရေ ၃ သောင်းခန့်သာရှိသည့်အတွက် ဘဏ်လုပ်ငန်းများကို လွိုင်ကော်ခရိုင် ဘဏ်ခွဲကသာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုအခါ ဖရူဆိုမြို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်ရန်အတွက် မြေနေရာရရှိထားပြီး ငွေတိုက်အဆောက်အအုံ ဆောက်လုပ်ရန် မြေနေရာရရှိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဖရူဆိုမြို့သည် လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံရေးကောင်းမွန်လာပြီဖြစ်ခြင်း၊ လျှပ်စစ်မီး ၂၄ နာရီ ရရှိခြင်း၊ တယ်လီဖုန်းလိုင်းများ ကောင်းမွန်ခြင်းတို့ကြောင့် မြို့နယ်ဘဏ်ခွဲအဖြစ် လောလောဆယ်ဖွင့်လှစ်မပေးနိုင်သေးသော်လည်း မြန်မာ့စီးပွားရေးဘဏ်နှင့် အကျိုးတူပူးပေါင်း၍ မိုဘိုင်းဘဏ်လုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ Myanmar Mobile Money လုပ်ငန်းနှင့် ညှိနှိုင်း၍ Mobile ငွေလွှဲလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မည့်အခြေအနေ ရှိ၊ မရှိ သုံးသပ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ငွေတိုက်အဆောက်အအုံအတွက် မြေနေရာရရှိလာပါက နှစ်စဉ်ဘတ်ဂျက်တင်ပြတောင်းခံချိန်တွင် ထည့်သွင်းတောင်းခံပြီး ပထမဦးစွာ ဘဏ်ငွေတိုက်ခွဲအဆင့်ပေးခြင်းနှင့် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဘဏ်နှင့်ဆက်သွယ်သူများပြားလာမှုအပေါ် မူတည်ပြီး မြို့နယ်ဘဏ်ခွဲအဆင့်သို့ တိုးမြှင့်ခြင်းတို့ကို ဆက်လက်သုံးသပ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးသည် ၂၀၁၇ ခုနှစ် မေ ၁၈ ရက်မှ ဩဂုတ် ၃၁ ရက်အထိ အစည်းအဝေး ကျင်းပရက် ၅၃ ရက် ကျင်းပခဲ့ပြီး အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူလူထု၏ အကျိုးအလို့ငှာ အမျိုးသားလွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း ၂၃၅ ခုနှင့် ကြယ်ပွင့်မပြ မေးခွန်း ၂၀၈ ခု တို့ကို မေးမြန်းခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်းများအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များက သက်ဆိုင်ရာဝန်ကြီးဌာန တစ်ခုချင်းအနေဖြင့်လည်းကောင်း၊ ဝန်ကြီးဌာနအချင်းချင်းပေါင်းစပ်၍လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍လည်းကောင်း လွှတ်တော်တွင် နှုတ်ဖြင့်ဖြေကြားခြင်း၊ စာဖြင့်ပေးပို့ ဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

အဆိုတင်သွင်းခြင်းကဏ္ဍတွင် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ၆ ခုကို လွှတ်တော်သို့ တင်သွင်းခဲ့ရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူညီခဲ့သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ အဆို ၄ ခုကို အတည်ပြုခြင်း၊ အဆို ၁ ခုကို မှတ်တမ်းတင်ခြင်းနှင့် ဆက်လက် **စာမျက်နှာ ၈ သို့**

# နေ့တိုင်းဖြစ်ချင်တဲ့ နေ့တစ်နေ့

ခင်မောင်ဌေး(ပညာရေး)

The Voice ဂျာနယ် Editorial လေးတစ်ခု ဖတ်လိုက်မိတယ်။ သဘောကျစရာပါ။ အာဇာနည်နေ့ နေ့တိုင်းဖြစ်စေလိုသည်တဲ့ဗျာ။ ဆိုလိုရင်းက အာဇာနည်နေ့ရောက်တိုင်း အမှတ်ရကျေးဇူးဂုဏ်ပြုကြတဲ့ အားမာန်နဲ့သာ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု တိုက်ရိုက်အချိုးကျမယ်ဆိုရင် မြန်မာနိုင်ငံဟာ ကမ္ဘာ့အဆင့်နံပါတ်တစ်ပင် ဖြစ်ပါသတဲ့။ ခုလို အောက်ကျနောက်ကျ ဖြစ်နေရတာကတော့ တစ်နှစ်မှာ အာဇာနည်နေ့ တစ်နေ့သာ ရှိလို့ပါတဲ့။

ဒီအကြောင်းရေးချင်နေတာနဲ့ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ ဘာကြောင့်လဲဆိုတော့ နိုင်ငံမှာက အတုယူအားကျဖွယ်နေ့တစ်နေ့ဆိုလို့ အာဇာနည်နေ့ပဲရှိတာ။ အာဇာနည်တွေဟာ တိုင်းပြည်အတွက် ထူးကဲတဲ့လုံ့လဝီရိယတွေ၊ စွန့်လွှတ်စွန့်စားမှုတွေနဲ့ အသက်ပေးခဲ့တဲ့ ခေါင်းဆောင်တွေအဖြစ် ပြည်သူတစ်ရပ်လုံးရဲ့ အသည်းဘဝင်နှလုံးမှာ ထာဝရနေရာယူထားကြသူတွေ ဖြစ်လို့ပါပဲ။

တစ်ချိန်ကတော့ ဒီလိုနေ့ဟာ မထင်မရှားကျင်းပခဲ့ရတာရှိတယ်။ ပုန်းလျှိုးကွယ်လျှိုးသွားခဲ့ရတာရှိတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဓာတ်ပုံတောင် ရဲရဲမချိတ်ဝံ့ခဲ့တဲ့ကာလတွေရှိခဲ့တယ်။ ပြီးခဲ့တဲ့ သမ္မတဟောင်း ဦးသိန်းစိန်လက်ထက်မှာတောင် ဒီလောက်ပွင့်လင်းမှုမရှိခဲ့သေးဘူး။ ဒီကနေ့ ဒီမိုကရေစီအစိုးရလက်ထက် ပွင့်လင်းမှုရှိခဲ့တာ ပထမဆုံးအကြိမ်ပဲ။ ဗိုလ်ချုပ်ပြတိုက်ဟာ ဗိုလ်ချုပ်ရဲ့ သမိုင်းဝင်မိန့်ခွန်းတွေနဲ့ ဝန်းရံနေတယ်။ အဆင်အပြင်တွေသပ်ရပ်တယ်။ ခင်းကျင်းထားမှုစနစ်ကျတယ်။

တစ်ခါ ပြီးခဲ့တဲ့နှစ်ကစပြီး ဝန်ကြီးများရုံးကိုဖွင့်လှစ်ပြသခဲ့တယ်။ ဒီနှစ်မှာ ပိုပြီးထူးခြားတာက တစ်ခါမှ မပြသခဲ့ဖူးတဲ့ အာဇာနည်ပုဂ္ဂိုလ်ကြီးတွေ လုပ်ကြံခံရစဉ်က ကျန်ရှိခဲ့တဲ့ သမိုင်းဝင်ပစ္စည်း ၂၈ မျိုးကို ပြသထားတယ်။ နံနက် ၈ နာရီခွဲကစဖွင့်လိုက်တာ လုံခြုံရေးစည်းတောင်ကျိုးပေါက်၊ ဒဏ်ရာရတဲ့အထိ ဖြစ်ခဲ့ရတယ်။ ဒီလိုပါပဲ မွန်းတည့် ၁၂ နာရီနောက်ပိုင်းမှာ ခွင့်ပြုခဲ့တဲ့ အာဇာနည်ဗိမာန်ဟာလည်း တိုးမပေါက်ခဲ့ပါဘူး။ ဒါဟာ ရန်ကုန်တိုင်းဒေသကြီးအတွင်းသာမက အနယ်နယ်အရပ်ရပ်က လာကြသူတွေ အများကြီးပါ။

သတင်းမီဒီယာတွေရဲ့ စာမျက်နှာတွေပေါ် ပြေးလွှားကြည့်မယ်ဆိုရင်လည်း အာဇာနည်နေ့ မတိုင်ခင်ကတည်းက ဖော်ပြလိုက်ကြတဲ့ ဗိုလ်ချုပ်အောင်ဆန်းအကြောင်းဟာ စာမျက်နှာအတော်များများကို နေရာယူထားတာ တွေ့ရပါတယ်။ ကဗျာတွေကလည်း အာဇာနည်နေ့ကို ရည်ညွှန်းဖော်ပြနေကြပါတယ်။ အတော်ထူးပါတယ်။ ဇူလိုင် ၁၉ ရက် အာဇာနည်နေ့လည်းပြီးရော သတင်းစာ၊ ဂျာနယ် အချို့မှာပဲ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်အကြောင်း ဖော်ပြထားတာ ခပ်ပါးပါးပဲ တွေ့ရတယ်။ နောက်ရက်တွေမှာတော့ ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ကုန်တော့တာပါပဲ။

> **အာဇာနည်စိတ်ဓာတ်မျိုးဆိုတာ ပြည်သူပြည်သားတွေရဲ့ နှလုံးသားထဲမှာ အမြဲတမ်း ရှိနေစေချင်ပါတယ်။ တိမ်မြုပ်မနေစေချင်ဘူး။ ထာဝရရှင်သန်နေစေချင်ပါတယ်။ မိမိတို့ရဲ့ ဘဝဖြတ်သန်းမှုပုံရိပ်ထဲမှာ အမြဲထင်ဟပ်နေစေချင်ပါတယ်။ ဒီလိုဖြစ်ဖို့ဆိုတာကလည်း ဆိုရှယ်မီဒီယာအပါအဝင် ရုပ်သံနဲ့သတင်းမီဒီယာတွေရဲ့ စီစဉ်ထုတ်လွှင့်ရေးသားမှုတွေမပါရင် ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတဲ့ အချက်ပါပဲ။**

ဒီလိုပါပဲ ရုပ်သံလွှင့်မီဒီယာလည်း ကြည့်ပါဦး။ အာဇာနည်နေ့မတိုင်ခင်ကတော့ အဆိုတော်ကြီး မေလှမြိုင်ရဲ့ သီချင်းအပါအဝင် အာဇာနည်နေ့ အမှတ်ရစရာသီချင်းတွေ မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ ဗိုလ်ချုပ်ရဲ့ဖြစ်စဉ်တွေ၊ ဈာပနမြင်ကွင်းတွေ ကြည့်လို့မဝနိုင်ခဲ့ ရိုးအီသွားတယ်လို့လည်း မရှိဘူး။ ဟော အာဇာနည်နေ့ပြီးတာနဲ့ တုံးတိဖြတ်ချလိုက်တာ စိတ်ထဲမှာ ဟာတာတာကြီး ကျန်ရစ်ခဲ့သလိုပါပဲ။

ဒီနေ့ဘာဖြစ်လဲဆိုရင် အာဇာနည်နေ့ဆိုတာ အာဇာနည်နေ့မတိုင်မီ လေး၊ငါးရက်အလိုနဲ့ အာဇာနည်နေ့ပြီးရင် လုံးဝရပ်ဆိုင်းသွားခြင်းပါပဲ။ နိုင်ငံအတွက် ဘယ်လိုမှ ဆပ်လို့မကုန်တဲ့ ကျေးဇူးရှင်တွေအတွက် အမှတ်ရနေတာ။ ဂုဏ်ပြုတာ လေး၊ငါးရက်လောက်ပဲ တန်ကြလေသလား။ တစ်နှစ်လုံးအိပ်မောကျနေပြီး အဲဒီလေး၊ငါးရက်လောက်ကိုပဲ အတုယူအားကျနေတော့မှာလား။ ဒီလေး၊ငါးရက်လောက် အားကျစရာကရော ဗိုလ်ချုပ်အောင်ဆန်းတစ်ဦးတည်းလား။ ကျန်တဲ့အာဇာနည်တွေရဲ့ ဘဝသမိုင်းကရော မထုတ်ဖော်ကောင်းကြလေသလား။ တခြားအသက်စွန့်ခဲ့တဲ့ အာဇာနည်တွေရဲ့ဘဝတွေကိုရော ဖော်ပြပေးနိုင်ခဲ့ကြလို့လား။ တစ်ဦးချင်း တစ်ဦးစီမှာ ထူးခြားတဲ့ စွမ်းရည်တွေ၊ ခေါင်းဆောင်မှုတွေ၊ စည်းရုံးသိမ်းသွင်းနိုင်မှုတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေကိုရော ပြည်သူပြည်သားတွေ အတုမယူထိုက်ပေဘူးလား။

ဒီလိုပါပဲ ရုပ်သံအစီအစဉ်တွေမှာရော ဗိုလ်ချုပ်အကြောင်းကလွဲလို့ တခြားအာဇာနည်ပုဂ္ဂိုလ်ကြီးတွေရဲ့ ဘဝဖြစ်စဉ်တွေဟာ ဖော်ကျူးလို့မရနိုင်တော့ဘူးလား။ ဒါဟာ ဗိုလ်ချုပ်တစ်ဦးတည်းအကြောင်း ဖော်ပြနေတာကို မရှုဆိတ်နိုင်လို့မဟုတ်တာ ရာနှုန်းပြည့်သေချာပါတယ်။ ဖြစ်စေချင်တဲ့စိတ်ကြောင့်ပါပဲ။ ဒီလိုသာဆိုရင် ကျန်တဲ့ အာဇာနည်ကြီးတွေရဲ့ ဘဝနဲ့ရှုန်းကန်လှုပ်ရှားစွမ်းဆောင်မှုတွေဟာ ကြာလေပျောက်ပျက်လေဖြစ်မလားလို့ တွေးပူမိပါတယ်။

ခုအခါမှာ ရုပ်တုထုလုပ်မှုတွေကလည်း အတော်လေးခေတ်စားနေပါတယ်။ ကိုယ့်နယ် ကိုယ့်ဒေသအလိုက် ထင်ရှားနေတဲ့ပုဂ္ဂိုလ်တွေရဲ့ ရုပ်တုတွေထုလုပ်ထားရှိလာကြပါတယ်။ တချို့ဒေသတွေမှာတော့ ဗိုလ်ချုပ်ရုပ်တုတွေအပြင် အာဇာနည်ကိုးဦးစလုံးရဲ့ ရုပ်တုတွေကိုလည်း တွေ့မြင်နေရပါတယ်။ တစ်ခုတွေးပူမိတာက ဒေသတွေ၊ မြို့ရွာတွေ အပြိုင်အဆိုင်များ ရုပ်တုတွေထုလုပ်နေကြသလားလို့။ တချို့နေရာမှာ တစ်နေရာတည်း ရုပ်တုနှစ်ခုဖြစ်နေလို့ ဘယ်ရုပ်တုကို အလေးပြုရမှန်းမသိ ဖြစ်နေရသလို သူ့အပိုင်း ငါ့အပိုင်းတွေ ခွဲခြားလာလို့ စိတ်ဝမ်းတွေများ ကွဲကုန်မလားရယ်လို့ ပူပန်မိရပါတယ်။

ဒီလိုပါပဲ ဗိုလ်ချုပ်ရုပ်တုတွေလုပ်တဲ့အခါ ဗိုလ်ချုပ်နဲ့ မတူတာတွေရှိတယ်။ တခြား အာဇာနည်ပုဂ္ဂိုလ်တွေမှာလည်း မတူတာတွေတွေ့ရပါတယ်။ မြို့တစ်မြို့မှာ ဗိုလ်ချုပ်ရုပ်တုတွေ သယ်ဆောင်လာတော့ လမ်းဘေးက ပြည်သူတွေဆိုတာ ကြည်ညိုလွန်းလို့ ထိုင်ပြီးရှိခိုးကြတယ်။ ကားပေါ်၊ ဆိုင်ကယ်ပေါ်က လူတွေကဆို လက်အုပ်ကလေးတွေချီလို့ တကယ်လို့များ ရုပ်တုတွေက မတူဘဲ သိပ်များကွဲပြားနေရင်တော့ အကြည်ညိုတောင်ပျက်လေမလားလို့ စိုးရိမ်မိပါတယ်။ ဒါကြောင့် တစ်လောက ကိုယ့်မွေးရပ် ဇာတိမြို့လေးမှာ ဗိုလ်ချုပ်ရုပ်တုထားမယ်ကြားတော့ တူအောင်တော့ လုပ်ကြပါလို့ ပြောခဲ့မိပါသေးတယ်။

တကယ်တော့ ရုပ်တုတွေထုလုပ်တယ်ဆိုတာကတော့ ရည်ရွယ်ချက်ကြီးကြီးမားမား ရှိနိုင်ပါတယ်။ ဖြစ်နိုင်တာကတော့ ရုပ်တုထုလုပ်တယ်ဆိုကတည်းက အာဇာနည်တွေ ဆိုရင်လည်း အာဇာနည်ကြီးတွေကို အတုယူအားကျအောင်၊ စာဆိုပညာရှိတွေဆိုလည်း သူတို့ရဲ့ဉာဏ်ပညာ အရည်အသွေးတွေကို အားကျအောင်၊ သူရဲကောင်းတွေဆိုရင်လည်း သူရဲကောင်းစိတ်ဓာတ်တွေ ရှင်သန်နေစေချင်လို့ပဲ ဖြစ်နိုင်ပါတယ်။ အဲဒီအစဉ်အလာကောင်းတွေ အမှတ်ရအားကျ ဂုဏ်ယူနိုင်ပါစေလို့ပဲ ဆန္ဒပြုပါတယ်။ ပေါ်ပင်မို့ ကျော်ချင်လို့ လုပ်တာမျိုးတော့ ဖြစ်မှာစိုးလှပါတယ်။

ဒါကြောင့် ပြန်ကောက်ရရင် အာဇာနည်နေ့ နေ့တိုင်းဖြစ်ချင်တယ်ဆိုတဲ့ တွေးဆမှုကိုတော့ ကြိုဆိုမိပါတယ်။ ဘာကြောင့်လဲဆိုတော့ အာဇာနည်စိတ်ဓာတ်မျိုးဆိုတာ ပြည်သူပြည်သားတွေရဲ့ နှလုံးသားထဲမှာ အမြဲတမ်းရှိနေစေချင်ပါတယ်။ တိမ်မြုပ်မနေစေချင်ဘူး။ ထာဝရရှင်သန်နေစေချင်ပါတယ်။ မိမိတို့ရဲ့ ဘဝဖြတ်သန်းမှုပုံရိပ်ထဲမှာ အမြဲထင်ဟပ်နေစေချင်ပါတယ်။ ဒီလိုဖြစ်ဖို့ဆိုတာကလည်း ဆိုရှယ်မီဒီယာအပါအဝင် ရုပ်သံနဲ့ သတင်းမီဒီယာတွေရဲ့ စီစဉ်ထုတ်လွှင့်ရေးသားမှုတွေမပါရင် ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတဲ့အချက်ပါပဲ။ ဒါကြောင့် အဓိကပါဝင်ရမယ့်သူတွေ အားလုံး ဝိုင်းကြဝန်းကြပါလို့။ အာဇာနည်နေ့ဆိုတာ နေ့တိုင်းဖြစ်နိုင်ဖို့ ။ ။

# ခေါင်းဆောင်ကောင်းထက် နောက်လိုက်ကောင်းဖြစ်ဖို့လို

မနော်ဖြူလေး

ခေါင်းဆောင်တဲ့။ ဘယ်လိုအရာတွေကိုခေါင်းဆောင်လို့ ခေါ်တာလဲ။ ဘယ်လိုလူမျိုးတွေကို သတ်မှတ်တာလဲ။ ကိုယ်က ခေါင်းဆောင်လား၊ ဒါမှမဟုတ် ကိုယ့်မှာ ခေါင်းဆောင်ရှိရဲ့လား စဉ်းစားကြည့်မိပါသည်။ ဒီအတိုင်း ခေါင်းဆောင်ဆိုတဲ့ နာမည်ခံနေရုံနဲ့တော့ ခေါင်းဆောင် ဒါမှမဟုတ် ဦးဆောင်သူလို့ခေါ်ထိုက်သလား စဉ်းစားဖို့ လိုလာပါပြီ။ ဘယ်နေရာမဆို သူ့နေရာနဲ့သူတော့ ဦးဆောင်သူဆိုတာ ရှိစမြဲပါပဲ။ အိမ်မှာလည်း အိမ်အလျောက်၊ ရုံးမှာ၊ ဒါ့အပြင် အသင်းအဖွဲ့တွေမှာ Leader လို့ ခေါ်တဲ့ ဦးဆောင်သူတွေ တွေ့ရမှာပါ။ ခေါင်းဆောင်အကြီးအမှူးဆိုတာ နာမည်ကြားလိုက်ရုံနဲ့ ခွန်အားပြည့်သွားသလို၊ အားမာန်တက်သွားသလို၊ လုံခြုံသွားသလို ခံစားမှုမျိုးဖြစ်ပေါ်စေပါသည်။ ဥပမာ ကျွန်မတို့ နိုင်ငံရဲ့ဖခင်ကြီး လူတိုင်းသာမက နိုင်ငံတိုင်း၊ ကမ္ဘာကပါ အသိအမှတ်ပြုထားတဲ့ ဗိုလ်ချုပ်အောင်ဆန်းသည်လည်း Leader ကောင်းတစ်ဦးပါလို့ပြောရင် သင်ငြင်းနိုင်ဦးမှာလား။ နောက် မမေ့နိုင်သည့် ပုဂ္ဂိုလ်တစ်ဦးသည်လည်း ရှိပါသေးသည်။ ဘုရင့်နောင်ဖောင်ဖျက်သည်ဆိုတဲ့ စကား ခုချိန်တိုင် သုံးစွဲနေကြသေးသည်ကို တွေ့ရှိနေရသေးသည်။ နောင်ရိုးတိုက်ပွဲ ဘာကြောင့်အောင်မြင်ခဲ့သလဲ ခေါင်းဆောင်ကောင်း၏ စစ်မှန်သော ဆုံးဖြတ်ချက်ဟုပြောလျှင် လွန်အံ့မထင်ပေ။

ခေါင်းဆောင်ဆိုတဲ့ ကိုယ့်ရဲ့ အကြီးအမှူးဆိုသူကို ကိုယ်တွေ့၊ ကိုယ်တိုင်ရွေးချယ်ပြီး အကောင်းဆုံးကိုမှ ရွေးချယ်တင်မြှောက်ထားကြတာမို့ သူ့ရဲ့ နှုတ်ထွက်စကားတိုင်းဟာ ကိုယ်တွေအတွက်တော့ ကျိန်ပြောတာထက် ခိုင်မာတဲ့စကားမျိုးလို့ ယူဆကြပါသည်။ ခေါင်းဆောင်ဆိုတဲ့နေရာမှာလည်း အနေအစားချောင်လို့ ခေါင်းဆောင်နေရာယူထားပြီး ကိုယ့်အတွက်ပဲကိုယ်ကြည့်နေသူကို ခေါင်းဆောင်ကောင်းတစ်ဦးလို့ သတ်မှတ်ထားသင့်ရဲ့လား။ ဒါမှမဟုတ် ခေါင်းဆောင်ဆိုသူက သူ့ဘာသာ ပြန်စဉ်းစားရမယ့်အချက်က ငါဟာ ခေါင်းဆောင်ပီသရဲ့လား ဆိုတာပါပဲ။

ခေါင်းဆောင်ကောင်းရင် ကောင်းသလို၊ မကောင်းရင် မကောင်းသလို သူ့ရဲ့နောက်ပါ အောက်လက်ငယ်သားတွေကို အနည်းနဲ့အများတော့ အကျိုး (ကောင်းကျိုး-ဆိုးကျိုး) သက်ရောက်မှုရှိတတ်ပေသည်။ အကယ်၍ သင်က ခေါင်းဆောင်နေသည်ဟု ယူဆသော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ သင့်နောက်က လိုက်ပါမလာကြသည့်အခါ သင်သည် လမ်းလျှောက်ထွက်နေခြင်းသာလျှင်ဖြစ်သည်ဟု ခေါင်းဆောင်မှုနှင့် သက်ဆိုင်သောစကားပုံတစ်ခုကို လေ့လာဖတ်ရှုမိပါသည်။ ခေါင်းဆောင်ဖြစ်သူသည် စိတ်ကူးစိတ်သန်းများနှင့် အသိပညာ၊ အတတ်ပညာတို့ကို မျှဝေခံစားခြင်းဖြင့် အခြားသူများအား စိတ်အားထက်သန်မှုနှင့် အရေးတကြီးဆောင်ရွက်ရမည့် အနေအထားကို ဖြန့်ဝေပေးနိုင်ရပါမည်။ ခေါင်းဆောင်ကောင်းသည် မှန်ကန်သောဘက်မှ အမြဲရပ်တည်နိုင်ရပါမည်။ သမာသမတ်ကျသော လုပ်ဆောင်ချက်များဖြင့် ကိုယ့်ရဲ့ လက်အောက်ငယ်သားများကို ကျောသားရင်သားမခွဲခြားဘဲ တစ်ဖြောင့်တည်း ဆက်ဆံတတ်ရပါမည်။

ခေါင်းဆောင်ကောင်းတစ်ယောက်သည် သူကြားချင်သည့် စကားများကိုသာမဟုတ်ဘဲ သူကြားရန်လိုအပ်သည့် စကားများကိုလည်း ပြောပြကြရန် ၎င်း၏ နောက်လိုက်များအား တိုက်တွန်းအားပေးလေ့ရှိပါသည်။ ခေါင်းဆောင်ဆိုသူ ကိုယ်တိုင်ကလည်း ‘ငါ ခေါင်းဆောင်ပဲ’ ဆိုသည့် အတ္တ၊ မာနကို ဘေးဖယ်ကာ မြင့်မြတ်မှန်ကန်သည့်စိတ်ထားနှင့် အများကောင်းကျိုးကိုသာ ကြည့်တတ်သူဖြစ်နေဖို့ လိုအပ်လှပါသည်။ လောကီရေးရာတွေမှာ ခေါင်းဆောင်အရွေးမှားလျှင် လက်ရှိဘဝတစ်ခုတည်း ဒုက္ခရောက်မည်ဖြစ်သလို လောကုတ္တရာရေးရာတွင်လည်း အလားတူအရွေးမှားလျှင်ဖြင့် တစ်ဘဝတည်း မဟုတ်ဘဲ သံသရာတစ်ခုလုံး အရှုံးကြီးရှုံးရပါလိမ့်မည်။ နှစ်သက်မိသည့် စကားပုံလေးတစ်ခုမှာ ‘သင့်ဖယောင်းတိုင်က အခြားဖယောင်းတိုင်အား မီးညှိပေးလိုက်သည့်အခါ သင့်ဖယောင်းတိုင်က မည်သည့်အရာကိုမျှ ဆုံးရှုံးသွားခြင်းမရှိပါ’ဆိုသည် လေးကိုလည်း သဘောကျနှစ်ခြိုက်မိပါသည်။

ခေါင်းဆောင်ကောင်းကို ကိုယ်ကိုယ်တိုင် အသေအချာရွေးချယ်သတ်မှတ်ပြီးပြီဆိုလျှင် နောက်တစ်ဆင့်အနေဖြင့် ကိုယ်ကိုယ်တိုင်က နောက်လိုက်ကောင်းပီသအောင် ကြိုးစားရဦးမည်ဖြစ်ပါသည်။ ဒါမှသာ ခေါင်းဆောင်ကောင်း၊ နောက်လိုက်ကောင်းများ ပြည့်စုံနေသည့် အဝန်းအဝိုင်းလေး၏ ဆောင်ရွက်မှုတိုင်းသည် ဘယ်နေရာမဆို အစစအရာရာ အဆင်ပြေအောင်မြင်ပါလိမ့်မည်။

“ဪ ငါတော့ ဒီဘဝမှာ ခေါင်းဆောင်ကောင်းတစ်ယောက်ကို ပိုင်ဆိုင်ခဲ့ဖူးပြီ။ ငါ့ရဲ့ခေါင်းဆောင်က ခေါင်းဆောင်ကောင်းပီသ၊ မပီသဆိုတာကိုလည်း သူ့ရဲ့လုပ်ရပ်တွေက သက်သေပြနေကြပြီ။ ဒီတော့ ခေါင်းဆောင်ကောင်းကို ပိုင်ဆိုင်ခဲ့ဖူးသူ ငါတို့အနေနဲ့ ဆောင်ရွက်ရမယ့် တာဝန်တစ်ခုပဲ ကျန်ရှိတော့တယ်။ အဲဒါကတော့ ခေါင်းဆောင်ကောင်းကြီး ယုံကြည်စိတ်ချ အားထားရတဲ့ နောက်လိုက်ကောင်းတွေ ဖြစ်ကြဖို့”

ဒါကြောင့် ဘယ်အဖွဲ့အစည်းဖြစ်ဖြစ် အရင်ဆုံးစည်းလုံးညီညွတ်မှု၊ သည်းခံနားလည်နိုင်မှုနှင့်အတူ ခေါင်းဆောင်ကောင်းများနှင့် နောက်လိုက်ကောင်းများဖြင့် တည်ဆောက်မှသာလျှင် အောင်မြင်မှုပန်းတိုင်ကို ရောက်ရှိမည်ဖြစ်ပါကြောင်း။ ။

> **ခေါင်းဆောင်ကောင်းကို ကိုယ်ကိုယ်တိုင် အသေအချာရွေးချယ် သတ်မှတ်ပြီးပြီဆိုလျှင် နောက်တစ်ဆင့်အနေဖြင့် ကိုယ်ကိုယ်တိုင်က နောက်လိုက်ကောင်းပီသအောင် ကြိုးစားရဦးမည်။**

# ဆည်မြောင်းဥပဒေ ပြဋ္ဌာန်း

**ဆည်မြောင်းဥပဒေ**

(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၇။)

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်

(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ဆည်မြောင်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဆည်မြောင်း** ဆိုသည်မှာ ရေပေးဝေရန်ဖြစ်စေ၊ ရေသိုလှောင်ရန်ဖြစ်စေ စီမံဆောင်ရွက်ထားသော ဆည်၊ ကန်၊ ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေတံခါး၊ ရေမြောင်း၊ ရေတင်စက်ရုံ၊ မြေအောက်ရေတွင်း၊ ယင်းတို့နှင့်ဆက်စပ်လျက်ရှိသော မြစ်၊ ချောင်း၊ ရေကန်၊ ရေအိုင်၊ သဘာဝရေနုတ်မြောင်းတို့၏ အစိတ်အပိုင်းများ၊ တူးမြောင်း၊ ရေသွင်းရေလွှဲမြောင်း၊ မြောင်းပေါင်၊ ကမ်းပါးထိန်းနံရံတို့ကိုဆိုသည်။ အဆိုပါစကားရပ်တွင် ဆည်မြောင်းလုပ်ငန်း၊ ယင်းနှင့်ဆက်စပ်သော အဆောက်အအုံနှင့် စက်ယန္တရားလည်း ပါဝင်သည်။

(ခ) **ဆည်မြောင်းနယ်နိမိတ်** ဆိုသည်မှာ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနက ဆည်မြောင်းအလိုက် အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထုတ်ပြန်သည့် နယ်နိမိတ်ကို ဆိုသည်။

(ဂ) **ကျေးရွာဆည်မြောင်း** ဆိုသည်မှာ ခရိုင်အုပ်ချုပ်ရေးမှူးက ကျေးရွာဆည်မြောင်းအဖြစ်ကြေညာထားသည့် ဆည်မြောင်း၊ ရေမြောင်း သို့မဟုတ် ရေလှောင်တမံနှင့်ကန်ကို ဆိုသည်။

(ဃ) **လယ်ကြားမြောင်း** ဆိုသည်မှာ ဦးစီးဌာနက တာဝန်ယူဆောင်ရွက်သည့် ဆည်မြောင်းမှ ရေပေးဝေသော ရေမြောင်းတစ်ခုခုနှင့် ဆက်လျက်သတ်မှတ်သည့်အတိုင်း တူးဖော်သည့် ရေမြောင်းနှင့် သက်ဆိုင်သည့် အထောက်အကူပြုလုပ်ငန်းများကို ဆိုသည်။

(င) **ရေနုတ်မြောင်း** ဆိုသည်မှာ ဆည်မြောင်းများမှ ပိုလျှံရေနှင့် သဘာဝအလျောက်စီးဆင်းသောရေကြောင့် ရေကြီးနစ်မြုပ်ခြင်း၊ ရေတိုက်စားခြင်းတို့မှ ကာကွယ်ရန်ဖြစ်စေ၊ ရေပေးသွင်းရန်ဖြစ်စေ တူးဖော်ထားသော ရေမြောင်း သို့မဟုတ် သဘာဝအလျောက်ဖြစ်ပေါ်နေသည့် ရေမြောင်း၊ ယင်းရေမြောင်းနှင့်ဆက်စပ်သည့် အဆောက်အအုံများကို ဆိုသည်။

(စ) **ကျေးရွာရေနုတ်မြောင်း** ဆိုသည်မှာ ခရိုင်အုပ်ချုပ်ရေးမှူးက ကျေးရွာရေနုတ်မြောင်းအဖြစ် ကြေညာထားသည့် ရေနုတ်မြောင်းကို ဆိုသည်။

(ဆ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲသော ဆည်မြောင်း** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက သတ်မှတ်ချက်နှင့်အညီ စီမံခန့်ခွဲရန် လွှဲပြောင်းရယူထားသော ဆည်မြောင်းကို ဆိုသည်။

(ဇ) **ရေယာဉ်** ဆိုသည်မှာ လှေ၊ သမ္ဗန်၊ သစ်ဖောင်၊ ဝါးဖောင်၊ အခြားစက်တပ် သို့မဟုတ် စက်မဲ့ရေယာဉ် တစ်မျိုးမျိုးနှင့် ရေတွင်ပေါ်သည့် အခြားအရာဝတ္ထုတို့ကို ဆိုသည်။

(ဈ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ည) **ဦးစီးဌာန** ဆိုသည်မှာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနကို ဆိုသည်။

(ဋ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆည်မြောင်းအရာရှိ** ဆိုသည်မှာ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေရှိ ဦးစီးဌာနတာဝန်ခံကို ဆိုသည်။

(ဌ) **ခရိုင်ဆည်မြောင်းအရာရှိ** ဆိုသည်မှာ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရှိဦးစီးဌာနတာဝန်ခံကိုဆိုသည်။

(ဍ) **မြို့နယ်ဆည်မြောင်းအရာရှိ** ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်ရှိ ဦးစီးဌာနတာဝန်ခံကို ဆိုသည်။

(ဎ) **ရေခွန်** ဆိုသည်မှာ ရေအသုံးပြုခြင်းအတွက် ကောက်ခံသည့် အခွန်ကိုဆိုသည်။

(ဏ) **ထိန်းသိမ်းခြင်းလုပ်ငန်း** ဆိုသည်မှာ ဆည်မြောင်းလုပ်ငန်းများနှင့် ယင်းတို့နှင့် ဆက်စပ်လျက်ရှိသော အဆောက်အအုံများ ပုံစံတကျရှိစေရန် သတ်မှတ်ချက်များနှင့်အညီ ပြုပြင်ထိန်းသိမ်းရသော လုပ်ငန်းကို ဆိုသည်။

(တ) **အရေးပေါ်လုပ်ငန်း** ဆိုသည်မှာ အကြောင်းတစ်ရပ်ရပ်ကြောင့် ဆည်မြောင်းကျိုးပေါက်ခြင်း သို့မဟုတ် ပျက်စီးနိုင်ခြင်းဖြစ်ပေါ်ပါက အချိန်မီ ပြင်ဆင်ရသောလုပ်ငန်းကို ဆိုသည်။

(ထ) **အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) စိုက်ပျိုးရေးကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆည်မြောင်းတည်ဆောက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) တည်ဆောက်ပြီး ဆည်မြောင်းများကို ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် စဉ်ဆက်မပြတ် ထိန်းသိမ်းရန်၊

(ဂ) ကျေးရွာဆည်မြောင်းနှင့် ကျေးရွာရေနုတ်မြောင်းများ တည်ဆောက်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးနိုင်ရန်၊

(ဃ) ဆည်မြောင်းများကို ဘေးအန္တရာယ်ကျရောက်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ကျရောက်လာပါက ပျက်စီးဆုံးရှုံးမှုနည်းပါးစေရေးအတွက် အရေးပေါ်လုပ်ငန်းများကို ပြည်သူများက ပူးပေါင်းဆောင်ရွက်နိုင်စေရန်၊

(င) စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအပါအဝင် ဒေသအတွင်း ရေလိုအပ်ချက်ကို အဆင်ပြေလွယ်ကူစွာ ရရှိစေရန်၊

(စ) ဆည်မြောင်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် လိုက်နာရမည့် စည်းကမ်းချက်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်။

**အခန်း (၃)**

**ဆည်မြောင်းတည်ဆောက်ခြင်း**

၄။ ဝန်ကြီးဌာနသည် ဆည်မြောင်းတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လိုအပ်လျှင် ယင်းသို့ဆောင်ရွက်မည်ဖြစ်ကြောင်း သက်ဆိုင်ရာဒေသရှိ ပြည်သူများ ကြိုတင်သိရှိနိုင်ရန် လုံလောက်သော အချိန်ပေး၍ အမိန့်ကြော်ငြာစာထုတ်ပြန်ရမည်။

၅။ (က) ပုဒ်မ ၄ အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆည်မြောင်းအရာရှိ သို့မဟုတ် ယင်းက တာဝန်ပေးအပ်ခြင်းခံရသော ဦးစီးဌာနအရာရှိသည် ခရိုင်အုပ်ချုပ်ရေးမှူး၊ ဒေသခံတောင်သူလယ်သမားများနှင့်ညှိနှိုင်းပြီး ကြိုတင်စူးစမ်းလေ့လာတိုင်းတာခြင်း လုပ်ငန်းများနှင့် ဆည်မြောင်းတည်ဆောက်မည့် နယ်နိမိတ်လျာထားခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် ဆည်မြောင်း တည်ဆောက်ရေးလုပ်ငန်းအတွက် လိုအပ်သည့် မြေသိမ်းဆည်းခြင်းလုပ်ငန်းကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၆။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ဆည်မြောင်းတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယင်းလုပ်ငန်းများနှင့်ဆက်စပ်သော မြေများ၊ အဆောက်အအုံများ၊ သီးနှံများ၊ စားပင်သီးပင်များ ပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းခံနိုင်ကြောင်း သက်ဆိုင်ရာဒေသရှိ ပြည်သူများကြိုတင်သိရှိရန် လုံလောက်သော အချိန်ပေး၍ ကြေညာရမည်။

၇။ (က) ခရိုင်အုပ်ချုပ်ရေးမှူးသည် -

(၁) လျော်ကြေးပေးရန်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ စစ်ဆေးရမည်။

(၂) စုံစမ်းစစ်ဆေးတွေ့ရှိချက်အရ လျော်ကြေးပေးရန်ရှိပါက လျော်ကြေးငွေကို တည်ဆဲဥပဒေများနှင့်အညီ သတ်မှတ်ဆုံးဖြတ်ရမည်။

(၃) ပုဒ်မခွဲငယ် (၂) အရ မိမိ၏ ဆုံးဖြတ်ချက်ကို လျော်ကြေးတောင်းဆိုသူထံ စာဖြင့် ဆောလျင်စွာ အကြောင်းကြားရမည်။

(ခ) ခရိုင်အုပ်ချုပ်ရေးမှူး၏ လျော်ကြေးငွေသတ်မှတ်ချက်ကို မကျေနပ်လျှင် လျော်ကြေးတောင်းဆိုသူသည် အကြောင်းကြားစာရရှိသည့်နေ့မှစ၍ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ အယူခံဝင်ရောက်နိုင်သည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် ပုဒ်မခွဲ(က)အရ လျော်ကြေးငွေ သတ်မှတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ အဆုံးအဖြတ်သည် အပြီးအပြတ်အတည်ဖြစ်သည်။

(ဃ) လျော်ကြေးငွေပေးချေခြင်းကို ဦးစီးဌာန၏ငွေစာရင်းဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၈။ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဃ) အရ လျော်ကြေးပေးသည့်ကိစ္စရပ်များ ပြီးပြတ်သည့်အခါ ခရိုင်ဆည်မြောင်းအရာရှိသည် ဆည်မြောင်းနှင့်ဆက်စပ်လျက်ရှိသော ဆည်တာတမံလုပ်ငန်းများကို ဆောင်ရွက်ရမည်။

၉။ သဘာဝရေစီးရေလာကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ ဆည်မြောင်း၊ တာတမံများ ရွှေ့လျောပျက်စီးလာ၍ ဆည်မြောင်း၊ ဖြတ်မြောင်းများ အသစ်ပြောင်းရွှေ့တူးဖော်တည်ဆောက်ခြင်းနှင့် မြေစာများ စုပုံခြင်းပြုရာတွင် လယ်ယာမြေနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် လျော်ကြေးငွေတောင်းခံလာမှုများကို ခရိုင်ဆည်မြောင်းအရာရှိသည် ခရိုင်အုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးရမည်။

၁၀။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၉ ပါ လျော်ကြေးငွေ တောင်းဆိုမှုများနှင့်စပ်လျဉ်း၍ ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း (၄)**

**ဆည်မြောင်း ပြုပြင်ထိန်းသိမ်းခြင်း**

၁၁။ တာဝန်ပေးအပ်ခြင်းခံရသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆည်မြောင်းအရာရှိ၊ ခရိုင်ဆည်မြောင်း အရာရှိနှင့် မြို့နယ်ဆည်မြောင်းအရာရှိတို့သည် တည်ဆောက်ပြီးဆည်မြောင်းနှင့်ဆက်စပ်သော အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ဆည်ရေပေးဝေခြင်းမပြုမီ ဆည်မြောင်းများနှင့်ရေပေးအဆောက်အအုံများ ပုံစံတကျရှိမှုနှင့် ကြံ့ခိုင်မှုအခြေအနေကို စစ်ဆေးခြင်းနှင့် လိုအပ်ချက်များ အချိန်မီပြုပြင်ခြင်း၊

(ခ) ဆည်မြောင်းပေါင်အတွင်း ခြတောင်ပို့များ၊ ကြွက်တွင်းများကို တူးဖော်ဖယ်ရှားခြင်းနှင့် မြေသစ်ဖို့ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဂ) ဆည်မြောင်းအတွင်း ရေမှတ်တိုင်များ စိုက်ထူ၍ ရေပေးဝေချိန်တစ်လျှောက် စောင့်ကြည့်ထိန်းသိမ်းခြင်း၊

(ဃ) မြောင်းစစ်လမ်းများ ပြုပြင်ထိန်းသိမ်းခြင်း၊

(င) ဆည်မြောင်းအတွင်း ရေစီးရေလာ ကောင်းမွန်စေရန် အဟန့်အတားဖြစ်စေသည့် အရာဝတ္ထုများကို ဖယ်ရှားရှင်းလင်းခြင်း၊

(စ) ရေလှောင်တမံများ၏ ကြံ့ခိုင်ရေးနှင့် ရေထိရောက်စွာ သိုလှောင်နိုင်ရန် ပြုပြင်ထိန်းသိမ်းခြင်း၊

(ဆ) ရေသွင်း ရေထုတ်တံခါးများ၊ ရေပိုလွှဲနှင့်ယင်းတွင် တပ်ဆင်ထားသော ရေတံခါး၊ ရေတံခါးရွက်များ၊ သံထုတ်ရေတံခါးများနှင့် ဆက်စပ်နေသော စက်ပစ္စည်းအစိတ်အပိုင်းများ စစ်ဆေးပြုပြင်ခြင်း၊

(ဇ) ရေလွှဲဆည်၊ ရေပိုလွှဲမှထွက်လာသော ရေများကြောင့် အောက်ခြေကွန်ကရစ်ကြမ်းခင်းများ ပျက်စီးမှုရှိပါက ပြုပြင်ဆောင်ရွက်ခြင်း၊

(ဈ) ရေလွှဲဆည် အထက်ဘက်ရှိ ရေလျှံတာရိုးထိပ်ကို ရေကြီးသည့်အချိန်တွင် တိုက်ရိုက်မြစ်ရေတိုက်စားခံရ၍ မြစ်ရေကျပြီးလျှင် မပျက်မကွက်စစ်ဆေးခြင်း၊

(ည) အုတ်ပန်းရန်လုပ်ငန်းများ၏ ကွဲအက်ကြောင်းများနှင့်ကျောက်စီလုပ်ငန်းများ ပျက်စီးနိုင်သည့် အခြေအနေကို အချိန်မီပြင်ဆင်ဆောင်ရွက်ခြင်း၊

(ဋ) ဦးစီးဌာနက ထိန်းသိမ်းထားသော ဆည်မြောင်းများ၏ နယ်နိမိတ်အတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ကျူးကျော်စိုက်ပျိုးခြင်းများကို အရေးယူဆောင်ရွက်ခြင်း၊

(ဌ) ရေဆုံးရှုံးမှုနည်းပါးပြီး အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ဆည်များ၊ မြစ်ရေတင်လုပ်ငန်းများ၊ မြေအောက်ရေတူးဖော်ရေးလုပ်ငန်းများ၊ ရေပေးဝေမှုစနစ်နှင့် ရေသောက်စနစ်များကို ပြုပြင်ထိန်းသိမ်းခြင်း၊

(ဍ) ကျေးရွာဆည်မြောင်းများနှင့် ကျေးရွာရေနုတ်မြောင်းလုပ်ငန်းများ တည်ဆောက်ရေးနှင့် ထိန်းသိမ်းရေးကို ကူညီဆောင်ရွက်ပေးခြင်း။

၁၂။ ပုဒ်မ ၁၁ ပါ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သာမန်ပြုပြင်ခြင်းလုပ်ငန်းသို့မဟုတ် အထူးပြင်ဆင်ခြင်းလုပ်ငန်း သို့မဟုတ် အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းအဆင့် သတ်မှတ်၍ ဆောင်ရွက်ရမည်။

**အခန်း (၅)**

**ဆည်မြောင်းမှရေကို ရယူသုံးစွဲခြင်း**

၁၃။ ဆည်မြောင်းမှရေကို ရယူသုံးစွဲရန် လယ်ကြားမြောင်း ဖောက်လိုသူ၊ လက်ရှိလယ်ကြားမြောင်းအား ပြုပြင်မွမ်းမံလိုသူ သို့မဟုတ် လက်ရှိ လယ်ကြားမြောင်းကို လွှဲပြောင်းရယူလိုသူသည် သက်ဆိုင်ရာ မြို့နယ်ဆည်မြောင်းအရာရှိထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားနိုင်သည်။

၁၄။ မြို့နယ်ဆည်မြောင်းအရာရှိသည် ပုဒ်မ ၁၃ အရ လျှောက်လွှာကို လက်ခံရရှိသည့်အခါ လိုအပ်သည်များကို စိစစ်၍ လယ်ကြားမြောင်း ဖောက်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း သို့မဟုတ် လွှဲပြောင်းရယူခြင်းကို ခရိုင်ဆည်မြောင်းအရာရှိက ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်စေရန် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ အကျိုးဆက်နွယ်သော တောင်သူလယ်သမားများ၏သဘောထားမှတ်ချက်ပါ စုစည်းဖော်ပြ၍ ခရိုင်ဆည်မြောင်းအရာရှိထံ တင်ပြရမည်။

၁၅။ ခရိုင်ဆည်မြောင်းအရာရှိသည်-

(က) ပုဒ်မ ၁၄ အရ မြို့နယ်ဆည်မြောင်းအရာရှိ၏ တင်ပြချက်ကို စိစစ်ပြီး လယ်ကြားမြောင်းဖောက်လုပ်ရန်၊ ပြုပြင်မွမ်းမံရန် သို့မဟုတ် လွှဲပြောင်းရယူရန် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ပြုရမည်။

(ခ) ရေမြောင်းတစ်ခုတူးဖော်နေစဉ် သို့မဟုတ် တူးဖော်ပြီးနောက်မည်သည့်အချိန်တွင်မဆို ဆည်ရေသောက်ဧရိယာအတွင်း လိုအပ်သော လယ်ကြားမြောင်းများ တူးဖော်ရန် တာအူကြောင်းပေးခြင်း၊ တည်ဆောက်ခြင်းပြုနိုင်သည်။

(ဂ) လယ်ကြားမြောင်း ဖြတ်သန်းရာ လယ်ယာမြေများအတွက် လျော်ကြေးပေးရန် လိုအပ်ပါက မိမိသဘောထားမှတ်ချက်နှင့်အတူ ခရိုင်အုပ်ချုပ်ရေးမှူးထံ ညှိနှိုင်းအကြောင်းကြားရမည်။

၁၆။ လယ်ကြားမြောင်း အသုံးပြုသူတို့သည် လယ်ကြားမြောင်းအများအပြား ဘေးချင်းယှဉ်ရှိခြင်း၊ အလျားရှည်စွာ စီးဆင်းလျက်ရှိခြင်းနှင့် နီးကပ်လွန်းခြင်းတို့ကြောင့် နုန်းစွန့်ရန် နေရာလပ်မရှိခြင်းနှင့် ကုန်ကျငွေများသောအခြေအနေဖြစ်ပေါ်လျှင် ခရိုင်ဆည်မြောင်းအရာရှိထံ တင်ပြနိုင်သည်။ ခရိုင်ဆည်မြောင်းအရာရှိသည် အဆိုပါ တင်ပြချက်နှင့်စပ်လျဉ်း၍ လိုအပ်သည့်စိစစ်မှုများပြုလုပ်ပြီး လယ်ကြားမြောင်းများ ပူးတွဲခြင်း သို့မဟုတ် အစားထိုးပြင်ဆင်ခြင်းကို ဆောင်ရွက်ရန် ဆုံးဖြတ်နိုင်သည်။

၁၇။ လယ်ကြားမြောင်း အသစ်တူးဖော် ဖောက်လုပ်ခြင်း သို့မဟုတ် လွှဲပြောင်းရယူခြင်းအတွက် လယ်ကြားမြောင်းဖြတ်သန်းရာ တစ်ဖက်တစ်ချက်ရှိ မြေလက်ရှိဖြစ်သူတို့က လယ်ကြားမြောင်းမှရေကို ရယူသုံးစွဲပါက ယင်းမြေအတွက် လျော်ကြေးခံစားခွင့်မရှိဘဲ သစ်ပင်နှင့်သီးနှံပျက်စီးမှုအတွက်သာ လျော်ကြေးခံစားခွင့်ရှိသည်။ အကယ်၍ ယင်းမြေလက်ရှိဖြစ်သူသည် လယ်ကြားမြောင်းမှရေကို ရယူသုံးစွဲပါက ရယူထားသော လျော်ကြေးငွေကို ပြန်လည်ပေးအပ်ရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

**✻ ရှေ့ဖုံးမှ**

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်**က စွမ်းအင်ကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေတွင် ၂၀၁၀-၂၀၁၁ ဈေးနှုန်းနှစ်ခုအပေါ် အခြေခံဖော်ပြချက်အရ တိုးတက်မှု၌ အနုတ်လက္ခဏာဖြစ်ပေါ်ရခြင်းမှာ လက်ရှိ ကမ္ဘာ့ရေနံဈေးနှုန်း ကျဆင်းခြင်း၊ သဘာဝဓာတ်ငွေ့ဈေးနှုန်းများ ကျဆင်းခဲ့ခြင်း၊ အထူးသဖြင့် ရတနာစီမံကိန်းနှင့် ရဲတံခွန်စီမံကိန်း နှစ်ခုမှ(၂၅)နှစ် ကျော်ထုတ်ယူခဲ့ပြီးဖြစ်၍ ထုတ်လုပ်မှုသက်တမ်းကြာမြင့်လာသည့်အတွက် အထွက်နှုန်းများ ကျဆင်းလာခဲ့ခြင်းကြောင့် ဖြစ်ပါကြောင်း။

ရေနံ၊ သဘာဝဓာတ်ငွေ့ဈေးနှုန်းများကို နှိုင်းယှဉ်ပါက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ရောင်းချသည့် ဈေးနှုန်းသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ရောင်းချခဲ့သောဈေးနှုန်းထက် ကျဆင်းသွားပါသဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဝင်ငွေလျော့နည်းရခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့ပြင် အစည်းအဝေးတွင် **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၇ ခုနှစ် မတ်လ ၃၁ ရက်အထိ ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍** စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က ပြန်လည်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော **၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁၁/၂၀၁၇) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ်** ပြည်ထဲရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းတင်ပြသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်**က နားလည်မှုစာချွန်လွှာ(MoU) ရေးထိုးပြီးသော်လည်း အချို့သော အဖွဲ့အစည်းများထံမှ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း ဘတ်ဂျက်မရရှိသည့်အတွက် လျာထားချက်အတိုင်း ဆောင်ရွက်နိုင်မှုမရှိဘဲ အားနည်းချက်များ ရှိခဲ့ရပါကြောင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ပြည်ပချေးငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများဖြစ်သည့် အီတလီနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ချေးငွေများသည် ဘဏ္ဍာရေးနှစ်အတွင်း လျာထားသည့်အတိုင်း မရရှိသည့်အတွက် ပိုလျှံငွေအဖြစ် အပ်နှံရပြီး အသုံးစရိတ်သုံးစွဲမှုလျော့နည်းခဲ့ရခြင်း ဖြစ်ပါကြောင်း။

နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း၏ သာမန်ရငွေလျော့နည်းမှုတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် တောင်သူများက ချေးငွေပြန်လည်ပေးဆပ်မှု လျော့နည်းသဖြင့် အတိုးငွေ လျော့နည်းရရှိခဲ့ပါကြောင်း၊ ဘဏ္ဍာရေးနှစ်ကျော်လွန်၍ သုံးစွဲခွင့်တောင်းခံခဲ့သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အထူးကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်ခဲ့ရသည့် ရခိုင်ပြည်နယ်ရှိ ကျေးလက်လမ်းတံတားလုပ်ငန်းများနှင့် နိုင်ငံတကာချေးငွေဖြင့် ဆောင်ရွက်ရသည့် မြို့ရေပေးရေးလုပ်ငန်း ငွေကျပ် ၂၅၉၃ ဒသမ ၃၉၉ သန်းကို သတ်မှတ်ကာလအတွင်း အမှန်သုံးစွဲခဲ့ပြီးဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါအစီရင်ခံစာနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို လွှတ်တော်က မှတ်တမ်းတင်သဘောတူအတည်ပြုကြောင်း ဆုံးဖြတ်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ယခုအစည်းအဝေးကာလအတွင်း ဥပဒေသစ် ၈ ခု၊ ပြင်ဆင်သည့် ဥပဒေ ၁၁ ခု၊ ရုပ်သိမ်းသည့် ဥပဒေတစ်ခု စုစုပေါင်း ဥပဒေ အခု ၂၀ ထုတ်ပြန်ကြေညာနိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူရန် လိုအပ်သည့် ပြည်ပချေးငွေဆိုင်ရာကိစ္စရပ်တစ်ခု၊ အပြည်ပြည်ဆိုင်ရာစာချုပ်များနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေးကိစ္စရပ် ၈ ခု၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာလုပ်ငန်းများဖြစ်သည့် ၂၀၁၇ ခုနှစ်၊ ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာ ထုတ်ပြန်ရေးကိစ္စအပါအဝင် ကြွေးမြီဆိုင်ရာအစီရင်ခံစာနှစ်ခု၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးဆိုင်ရာ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှစ်ခု၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အခွန်ကောက်ခံရရှိမှုအပါအဝင် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာကိစ္စရပ် တင်ပြချက်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း နှစ်ပတ်လည်အစီရင်ခံစာနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာတို့နှင့် စပ်လျဉ်းပြီး ဆွေးနွေးခြင်းနှင့် အတည်ပြုမှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့များတွင် သီးခြားပါဝင်စေလိုသည့် ပုဂ္ဂိုလ်များအား ထည့်သွင်းဖွဲ့စည်းခြင်း၊ ထည့်သွင်းဖွဲ့စည်းခွင့်တောင်းခံခြင်း၊ အထောက်အကူပြုအဖွဲ့ ဖွဲ့စည်းရန် တင်ပြခြင်း စသည့်ကိစ္စရပ်များကို တွေ့ရှိရပါကြောင်း၊ ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအတိုင်းသာ ဆောင်ရွက်ကြရန်နှင့် မြို့နယ်အလိုက် လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်ပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

မြို့နယ်အချို့တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများရွေးချယ်မှု၊ လုပ်ငန်းအကောင်အထည်ဖော်မှုများနှင့်စပ်လျဉ်းပြီး တိုင်ကြားတင်ပြမှုများ ရှိနေပါကြောင်း၊ သက်ဆိုင်ရာ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့များ အနေဖြင့် မြို့နယ်အလိုက် အမှန်တကယ် တာဝန်ယူဆောင်ရွက်နိုင်မည့် လွှတ်တော်ကိုယ်စားလှယ်ကို ရွေးချယ်တာဝန်ပေးအပ်ပြီး မိမိမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပြီး ညှိညှိနှိုင်းနှိုင်းဖြင့် ဆောင်ရွက်ကြစေလိုပါကြောင်း။

လွှတ်တော်အကြီးအမှူးများပါဝင်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကော်မတီအနေဖြင့်လည်း မြို့နယ်ပေါင်းသုံးရာကျော်၏ လုပ်ငန်းတင်ပြချက်များအတိုင်း အတတ်နိုင်ဆုံး စိစစ်ခွင့် ပြုပေးလျက်ရှိပါကြောင်း၊ မြို့နယ်တစ်ခုချင်းအလိုက် အခက်အခဲများကို သက်ဆိုင်ရာ မြို့နယ်အဖွဲ့အတွင်း၌သာ အသင့်တော်ဆုံးနည်းလမ်းကို ညှိနှိုင်းရှာဖွေပြီး ပူးပေါင်းဆောင်ရွက်ခြင်းသည် အကောင်းဆုံး ဖြစ်ပါကြောင်း။

မြို့နယ်အလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သတ်မှတ်ဘဏ္ဍာရေးနှစ်ကာလအတွင်း စနစ်တကျဖြင့် အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက်များ၊ ပြီးခဲ့သည့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများအပေါ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာပါ အကြံပြုချက်များနှင့်အညီ ဂရုပြုဆောင်ရွက်ကြရန် အလေးထားမှာကြားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

**မျိုးမြင့်၊ မွေးကြူဇင်(သတင်းစဉ်)**

---

**❐ စာမျက်နှာ ၅ မှ**

သက်တမ်းတိုးမြှင့်ခြင်းနှင့် ပြည်သူ့လွှတ်တော်၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၏ တာဝန်များအား ပြင်ဆင်သတ်မှတ်ခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့ပြင် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးကို ကော်မတီအဖွဲ့ဝင်အဖြစ် ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးကို ကော်မတီအဖွဲ့ဝင်အဖြစ် အစားထိုးတာဝန်ပေးအပ်ခြင်းနှင့် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ငါးဦးကို လေ့လာသူများအဖြစ် အစားထိုးတာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် ဥပဒေပြုရေးတာဝန်များ ဆောင်ရွက်သည့်အခါတွင် မိမိတို့ အတည်ပြုပြဋ္ဌာန်းလိုက်သည့် ဥပဒေများသည် ပြည်သူလူထုကို အကာအကွယ်မပေးနိုင်သည့် ဥပဒေများဖြစ်နေပါက ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို နှောင့်နှေးစေနိုင်သည်ကို အထူးသတိပြုကြရမည်ဖြစ်ပါကြောင်း၊ တင်းကျပ်သည့် ဥပဒေများသည် ပြင်းထန်သည့်အုပ်ချုပ်မှုပုံစံ (Extremism)နှင့် ဥပဒေအရ အုပ်ချုပ်ခြင်းပုံစံ (By the Law) များကို ဦးတည်သွားစေနိုင်ပါကြောင်း၊ ယင်းသို့အဖြစ်မျိုးများကို ရှောင်ရှားပြီး ဥပဒေဆိုသည်မှာ ဖိနှိပ်ချုပ်ချယ်ရေးအတွက် မဟုတ်ဘဲ အခြေခံလူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်မှသာ လူထုအကျိုးပြုဥပဒေများအဖြစ် ပြည်သူက အားကိုးယုံကြည်လာကြမည်ဖြစ်ပါကြောင်း၊ ထို့အတူ လွှတ်တော်၏ လုပ်ငန်းတာဝန်တစ်ခုဖြစ်သည့် Check and Balance ကိစ္စနှင့်ပတ်သက်ပြီး လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကိုယ်စားလှယ်များ လုပ်ပိုင်ခွင့်၊ ဆောင်ရွက်ခွင့် ရနေသည်ကို ကိုယ်တိုင်မြင်တွေ့ကြားသိကြပြီး ဖြစ်ပါကြောင်း၊ **မိမိတို့အနေဖြင့် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည့် ကန့်သတ်ချက်များ၊ စည်းကမ်းချက်များနှင့် မညီညွတ်သည့် မေးခွန်းများ၊ အဆိုများကိုသာ လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာအတွက် ပြန်လည်ပြင်ဆင်တည့်မတ်ပေးခြင်း အနည်းငယ်သာရှိသည်ကို ပွင့်လင်းစွာ အသိပေးပြောကြားလိုပါကြောင်း။**

အစည်းအဝေးရပ်နားထားစဉ်ကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံသည့်အခါတွင် ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ ပြုမူဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ပြည်သူလူထုက ယုံကြည်အားကိုးလေးစားတန်ဖိုးထားရသူများအဖြစ် ပြုမူပြောဆို ဆက်ဆံနေထိုင်သွားကြရန် အထူးမှာကြားလိုပါကြောင်း၊ သက်ဆိုင်ရာအာဏာပိုင်ပုဂ္ဂိုလ်၊ အာဏာပိုင်အဖွဲ့အစည်းက အလေးထားအပ်သူများအဖြစ် ကျင့်ကြံလုပ်ကိုင်ကြရန် အရေးကြီးပါကြောင်း၊ မိမိတို့သည် ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်နေသူများပီပီ ပြည်သူလူထုကိုလည်း ဒီမိုကရေစီယဉ်ကျေးမှုနှင့် ဒီမိုကရေစီအလေ့အကျင့်ကောင်းများကို လေးစားလိုက်နာကြစေရေး ပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်သည့် All Inclusive Democracy ဖြစ်လာရေး မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဥပဒေပြုရေးတာဝန်များကို တာဝန်သိသိ၊ သစ္စာရှိရှိနှင့် ဆက်လက်ထမ်းဆောင်နိုင်ကြရန် လိုအပ်သကဲ့သို့ မိမိကိုယ်ကို အမြဲမပြတ် စွမ်းရည်မြှင့်တင်ဆောင်ရွက်နိုင်ရန်လည်း ကြိုးစားပေးကြပါ။ ပြည်သူလူထုနှင့် ကင်းကွာမနေဘဲ ပြည်သူ့ကြားက ပြည်သူ့ကိုယ်စားလှယ်များအဖြစ် စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံဆောင်ရွက်ပေးကြပါ။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ပေးကြပါ။ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ လုပ်ငန်းများကိုလည်း စေ့စေ့စပ်စပ် ဆောင်ရွက်ပေးကြပါ။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ရေး ပြည်သူအားလုံးပူးပေါင်းပါဝင်သည့် Public Democratic Participation ဖော်ဆောင်ရေးကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါ။ ဒီမိုကရေစီကို တစ်နည်းနည်းဖြင့် နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ အန္တရာယ်ကိုလည်း မျက်ခြည်မပြတ် သတိပြုကာကွယ်ပေးကြပါ။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလမ်းကြောင်းမှ သွေဖည်သွားနိုင်သည့်၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး ပျက်ပြားစေနိုင်သည့် အကြမ်းဖက်မှုအန္တရာယ်များကိုလည်း သတိတရားလက်ကိုင်ထားပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် စုပေါင်းတားဆီးဖယ်ရှားပေးကြပါဟု ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၄) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာသည်။

**(အောင်ရဲသွင်၊ မိမိဖြိုး)**

---

**❍ စာမျက်နှာ ၅ မှ**

ဆောင်ရွက်ရန်အဆို ၁ ခု ကျန်ရှိပါကြောင်း။

ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်က ပေးပို့ထားသည့် ဥပဒေကြမ်း ၅ ခုတို့ကို လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ကာ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးရန် ပေးပို့ထားသည့် ဥပဒေကြမ်းများအနက် ဥပဒေကြမ်း ၄ ခုကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါကြောင်း၊ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ပါကြောင်း။

ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့် အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့သည့် ဥပဒေကြမ်း ၉ ခုတို့ကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ လွှတ်တော်က ဥပဒေကြမ်း ၇ ခုကို ပြင်ဆင်ချက်ဖြင့်လည်းကောင်း၊ ဥပဒေကြမ်း ၂ ခုကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြု၍လည်းကောင်း ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း၊ ထို့ပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ကာ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း၊ ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်းဆုံးဖြတ်ချက် ပေးပို့လာခြင်းကို လွှတ်တော်သို့ တင်ပြခဲ့ပါကြောင်း၊ ထို့အတူ ၂၀၁၇ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းကို လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ကာ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

အစီရင်ခံစာ တင်သွင်းခြင်းကဏ္ဍတွင် ကော်မတီ ၁၂ ခု၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခြင်းနှင့် လွှတ်တော်က အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများက လွှတ်တော်အစည်းအဝေးကာလအတွင်း အစည်းအဝေးစုစုပေါင်း ၁၇၄ ကြိမ် ပြုလုပ်ခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြင့်မားစေရန် ရည်ရွယ်၍ အပြန်အလှန်ဆွေးနွေးပွဲ (Debate) ကို ၈ ကြိမ် ပြုလုပ်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ပါကြောင်း။

ကိုယ်စားလှယ်များအတွက် သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကာလအတွင်း စာတမ်းတို ၃ စောင် ထုတ်ဝေခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ် ၆၅ ဦးက သိရှိလိုသည့် သတင်းအချက်အလက် မေးမြန်းခဲ့မှုများအနက် ၁၁၃ စောင်ကို ရှာဖွေပေးခဲ့ပြီး ဆောင်ရွက်ဆဲ ၂၄ စောင် ရှိနေကြောင်း လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးပါကြောင်း ပြောကြားသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၃) ရက်မြောက်နေ့ကို ရပ်နားခြင်းနှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကို အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာသည်။

**အေးအေးသန့်(သတင်းစဉ်)**

■

# ယာယီကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကြည့်ရှုအားပေး



**နေပြည်တော် ဩဂုတ် ၃၁**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် မောင်တောမြို့သို့ရောက်ရှိပြီး အကြမ်းဖက်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား မောင်တောမြို့နယ် ပြည်သူ့ဆေးရုံတွင် ဆေးဝါးကုသပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြို့နယ်ပြည်သူ့ဆေးရုံတွင် ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံပြီး မောင်တောဒေသတွင် ဖြစ်ပွားနေသည့် အခြေအနေများကို ဖြေရှင်းဆောင်ရွက်ရန် အချိန်နှင့်တစ်ပြေးညီ နီးနွယ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် စိတ်အားငယ်ရန်မလိုကြောင်း၊ လုံခြုံရေးအတွက်လည်း ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ဒေသဆိုင်ရာတာဝန်ရှိသူများနှင့်ညှိနှိုင်းဆောင်ရွက်ပေးထားပါကြောင်း၊ လုပ်ငန်းခွင်အဆင်ပြေစွာ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မောင်တောအခြေခံပညာအထက်တန်းကျောင်းခွဲ၌ ယာယီဖွင့်လှစ်ထားသည့် စုရပ်သို့သွားရောက်၍ ယာယီပြောင်းရွှေ့ခိုလှုံလာကြသူများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး ရိက္ခာများ ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ယာယီစုရပ်စခန်းတွင် ဖွင့်လှစ်ထားရှိသည့် ဆေးကုသခန်းသို့ သွားရောက်ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘူးသီးတောင်မြို့သို့ရောက်ရှိပြီး ဘူးသီးတောင်မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဘူးသီးတောင်မြို့ အထက်တန်းကျောင်းတွင် ဖွင့်လှစ်ထားသည့် ယာယီစုရပ်စခန်းသို့ သွားရောက်ကာ ယာယီပြောင်းရွှေ့ခိုလှုံလာကြသူများနှင့် တွေ့ဆုံအားပေးစကား ပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဖွင့်လှစ်ထားသည့် ယာယီစုရပ်စခန်းများသို့ သွားရောက်ကာ ယာယီပြောင်းရွှေ့ခိုလှုံလာကြသူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုလုပ်ရပ်များ သိရှိနိုင်ရန် ပြည်တွင်း၊ ပြည်ပမီဒီယာများပါဝင်သော သတင်းအဖွဲ့ မောင်တောဒေသအတွင်း သတင်းရယူ

**နေပြည်တော် ဩဂုတ် ၃၁**

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ သတင်းများရယူနိုင်ရန် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးသက်ဆွေ ခေါင်းဆောင်သော ပြည်တွင်း၊ ပြည်ပမီဒီယာ ၂၂ ဦး ပါဝင်သည့် သတင်းအဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် စစ်တွေမြို့မှ ဘူးသီးတောင်မြို့သို့ အမြန်ရေယာဉ်များဖြင့် သွားရောက်ခဲ့ပြီး မွန်းလွဲပိုင်းတွင် မောင်တောမြို့သို့ရောက်ရှိ သတင်းရယူကြသည်။



ပြည်တွင်း၊ ပြည်ပမီဒီယာများ ပါဝင်သောအဖွဲ့သည် ယမန်နေ့မွန်းလွဲ ၂ နာရီခွဲတွင် မောင်တောမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လက်ရှိဖြစ်ပေါ်နေသောအခြေအနေများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းရာ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်တွင်း၊ ပြည်ပ မီဒီယာများသည် မြို့မကြည်တန်းရှိ မီးလောင်နေအိမ်များသို့ သွားရောက်ပြီး ARSA အကြမ်းဖက်သမားများက အကြမ်းဖက်မှုများ လုပ်ဆောင်ရန် ပြင်ဆင်ဆောင်ရွက်ထားသည့် အခြေအနေများကို သတင်းမှတ်တမ်း ဓာတ်ပုံများရိုက်ကူး၍ သိရှိလိုသည်များကို မေးမြန်းကြရာ ခရိုင်ရဲတပ်ဖွဲ့မှူးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မြို့သူကြီးကျေးရွာနှင့် ဇူလကျေးရွာတို့၌ တိုင်းရင်းသားများ အသတ်ခံရသည့် ဖြစ်စဉ်နေရာများတွင် မှတ်တမ်းရယူပြီး ဖြစ်စဉ်နှင့်စပ်လျဉ်း၍ မျက်မြင်တိုင်းရင်းသားများအား သိရှိလိုသည်များကို မေးမြန်းကြသည်။

ညနေပိုင်းတွင် အကြမ်းဖက်မှု ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်လာကြသူများ ခေတ္တခိုလှုံနေထိုင်သည့် မောင်တောမြို့ရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ တိုင်းရင်းသားများနှင့်တွေ့ဆုံ၍ သိရှိလိုသည်များကို မေးမြန်းသတင်းရယူကြပြီး မြို့နယ်ပြည်သူ့ဆေးရုံ၌ တက်ရောက် ဆေးဝါးကုသမှုခံယူနေသည့် လူနာများအား တွေ့ဆုံ၍ မှတ်တမ်းရယူကြသည်။

အဆိုပါသတင်းအဖွဲ့တွင် ကျူဒို၊ တီဗွီအဆာဟိ၊ နိပွန်တီဗွီ၊ အဆာဟိရှင်ဘွန်း၊ ဖူဂျီတီဗွီ၊ နစ်ကေးရှင်ဘွန်း၊ ဗွီအိုအေ၊ ရိုက်တာ၊ အေအက်ဖ်ပီ၊ နယူးစ်ဝပ်ခ်ျ၊ အလဲဗင်း၊ စကိုင်းနက်နှင့် သတင်းဌာနများပါဝင်ကြပြီး ယနေ့တွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ အကြမ်းဖက်တိုက်ခိုက်မှု လုပ်ဆောင်ခဲ့သည့်နေရာများတွင် ဆက်လက်သတင်းယူကြမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

❐

# ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏အန္တရာယ်မှ ဘေးကင်းရာသို့ ဒေသခံပြည်သူများကို ရွှေ့ပြောင်းပေးခဲ့

**နေပြည်တော် ဩဂုတ် ၃၁**

ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများက ရန်ပြုပိတ်ဆို့ထားသော ဟိန္ဒူအိမ်ထောင်စုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့တွင် ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်သည်။



မောင်တောမြို့နယ် လသာကျေးရွာမှ ဟိန္ဒူအိမ်ထောင်စု ၇၀၊ လူဦးရေ ၃၀၀ ခန့်အား ARSA အစွန်းရောက်အကြမ်းဖက်သမားများက ရန်ပြုပိတ်ဆို့ထားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အပြင်စည်းလုံခြုံရေး၊ လမ်းလုံခြုံရေးနှင့် အနီးကပ်လုံခြုံရေးများ ပြုလုပ်ပြီး ယနေ့မွန်းလွဲပိုင်းတွင် ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့သည်။

ထို့အတူ ဘူးသီးတောင်မြို့နယ် ငါးရုံ့ချောင်းကျေးရွာမှ ဟိန္ဒူဘာသာဝင် ၂၀၀ ခန့်ကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အကူအညီဖြင့် ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးနိုင်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

**❍ မီတာ ၁၉၀ အရှည်ရှိမှ**

ယင်းသို့ ကုန်တင်သင်္ဘောကြီးများ ဆိုက်ကပ်လာနိုင်သည်နှင့်အမျှ ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုမြန်ဆန်သွက်လက်လာနိုင်မည်ဖြစ်ကာ ရန်ကုန်ဆိပ်ကမ်းသည် ထုတ်ကုန်၊ သွင်းကုန်များ ကိုင်တွယ်တင်ချရာ အဓိကဆိပ်ကမ်းဖြစ်သည်နှင့်အညီ ကုန်တန်ချိန်များများ သယ်ဆောင်နိုင်ခြင်းဖြင့် သယ်ယူပို့ဆောင်စရိတ် ကျဆင်းလာစေမည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ ရေယာဉ်ကြီးများ ဆိုက်ကပ်နိုင်ရန်အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရေကြောင်းဌာနတို့မှ မြစ်ကြောင်းတစ်လျှောက် တိုင်းတာစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိပြီး ပထမဦးစွာ (Length Over All) မီတာ ၁၉၀ ရှိသော အထွေထွေကုန်ပစ္စည်းတင်ရေယာဉ်ကြီးများကို အတွင်းစည်းခုံရေလမ်းကြောင်းမှ ဖြတ်သန်း၍ ဆူးလေဆိပ်ကမ်းသို့ ဆိုက်ကပ်စေပြီး မြန်မာနိုင်ငံ၏ အဓိက ထွက်ကုန်ဖြစ်သော ဆန်ကို တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ရန်ကုန်ဆိပ်ကမ်းသို့ MV.Top Fair အမည်ရှိ သင်္ဘောမှာ အလျား L.O.A ၁၉၀ မီတာ၊ ရေစူး ၈ ဒသမ ၆ မီတာရှိပြီး ကုန်တန်ချိန် ၅၀၀၀၀ တင်နိုင်သည့် သင်္ဘောဆိုက်ကပ်နိုင်ခဲ့ပြီး အလားတူရေယာဉ်အလျား L.O.A ၁၉၀ မီတာရှိပြီး ရေစူး ၆ ဒသမ ၇၅ မီတာရှိ MV.Marilia အမည်ရှိ သင်္ဘော၊ ရေယာဉ်အလျား L.O.A ၁၉၀ မီတာရှိပြီး ရေစူး ၇ ဒသမ ၃ မီတာရှိ MV.TETON အမည်ရှိ သင်္ဘောတို့မှာ ဆူးလေဆိပ်ကမ်းသို့ အန္တရာယ်ကင်းစွာ ဝင်ရောက်ဆိုက်ကပ်နိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါ ဆူးလေဆိပ်ကမ်းသို့ ၁၆၇ မီတာအထက် Steel & Steel Product သင်္ဘောတစ်စင်းနှင့် ဆန်တင်သင်္ဘောကိုးစင်း စုစုပေါင်းသင်္ဘောကြီး ၁၀ စင်း ဆိုက်ကပ်ပြီးဖြစ်သည်ဟု သိရသည်။ ယင်းသို့ သင်္ဘောကြီးများ ဆိုက်ကပ်လာနိုင်သည်နှင့်အမျှ မြန်မာ့အဓိကပို့ကုန် ဆန်ကိုလည်း ယခုနှစ်တွင် တန်ချိန်တစ်သန်း တင်ပို့နိုင်ရန် ရည်မှန်းထားကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။ **(ဝ၀၁)**

# တည်တည်ငြိမ်ငြိမ်နဲ့ အေးအေးချမ်းချမ်းနေနိုင်အောင် အကူအညီပေးစေချင်ပါတယ်၊ ကိုယ့်နေရာမှာကိုယ်ပြန်ပြီး နေချင်ပါတယ်

ရခိုင်ပြည်နယ်(မြောက်ပိုင်း) မောင်တောမြို့နယ်အတွင်း၌ ဩဂုတ် ၂၆ ရက် ညပိုင်းက ARSA အစွန်းရောက်အကြမ်းဖက်သမားများသည် မြို့သူကြီးရွာအနီးရှိ အဆောက်အအုံတစ်ခုအတွင်း ဝင်ရောက်လာသည့် ဟိန္ဒူဘာသာဝင်မိသားစု ၁၂ ဦးအား သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ ခြောက်ဦးမှာ သေဆုံးသွားခဲ့သည်။

ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသခံတိုင်းရင်းသားများမှာ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်လျက်ရှိရာ မောင်တောမြို့ ရပ်ကွက်(၃)ရှိ အခြေခံပညာမူလတန်းကျောင်းတွင် ရောက်ရှိလာသည့် ဟိန္ဒူဘာသာဝင်အချို့အား သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်-



ဒေါ်ရာဘူရီး



ဦးမီလောန်



ရာမ်းဖော်ဒေါ်ရ်



ခူကန်းဒေ့ါရ်

**ဒေါ်ရာဘူရီး၊ အသက် (၆၂) နှစ်**
**ဟိန္ဒူဘာသာဝင်**

ကျွန်မရဲ့တူမိသားစုက ဩဂုတ် ၂၆ ရက် ညပိုင်းက အလယ်သံကျော်ရွာဘက်ကနေ မောင်တောကိုပြန်လာတာ (၃)မိုင်လမ်းဆုံအထိ တခြားသူတွေရော ပါလာတယ်လို့ သိရပါတယ်။ (၃)မိုင်ရွာဘက်ကနေ ဒီဘက်ဆက်လာရင်း မြို့သူကြီးရွာနားရောက်တော့ သေနတ်သံတွေကြားရလို့ အနားမှာရှိတဲ့ ဆောက်လက်စ အဆောက်အအုံထဲကို လုံခြုံမယ်ထင်ပြီး ခိုဖို့ တက်ပြေးတဲ့ အချိန်မှာ အဲဒီမှာရောက်နေတဲ့ အကြမ်းဖက်သမားတွေနဲ့ တွေ့ပြီးတော့ အသတ်ခံလိုက်ရတယ်လို့ သိရပါတယ်။

တူလင်မယားနဲ့ သူ့ရဲ့မိသားစု စုစုပေါင်း ခြောက်ဦးအသတ်ခံရပါတယ်။ သူတို့အားလုံး စုစုပေါင်း ရှစ်ဦးမှာ ခြောက်ဦးက အခုလို အသတ်ခံလိုက်ရတာဖြစ်ပါတယ်။

ကျန်တဲ့နှစ်ဦးကတော့ လွတ်သွားပါတယ်။ လွတ်သွားတဲ့ နှစ်ဦးတော့ ဒီမှာမရှိပါဘူး။ ဘူးသီးတောင်ဘက်ကို သွားတယ်လို့ သိရပါတယ်။ (၄)မိုင်ရွာမှာရှိတဲ့ ဟိန္ဒူဘာသာဝင်တစ်ယောက်က အဲဒီဖြစ်စဉ်ကို ပြောပြလို့ သိရပြီး တာဝန်ရှိသူတွေနဲ့ နောက်နေ့မနက်ပိုင်းမှာ သွားကြည့်တော့ အလောင်းတွေ တွေ့ရပါတယ်။

ကျွန်မတို့ကို တည်တည်ငြိမ်ငြိမ်နဲ့ အေးအေးချမ်းချမ်းနေနိုင်အောင် အကူအညီပေးစေချင်ပါတယ်။ ကိုယ့်နေရာမှာကိုယ်ပြန်ပြီး နေချင်ပါတယ်။

**ရာမ်းဖော်ဒေါ်ရ်၊ အသက် (၂၀)နှစ်**
**ဟိန္ဒူဘာသာဝင်**

ဩဂုတ် ၂၆ ရက် ညက အကြမ်းဖက်သမားတွေသတ်လို့ သေသွားတာ ကျွန်တော့်အစ်ကို၊ သူ့မိန်းမနဲ့ ကလေးတွေပါ။ သူတို့က ဆံပင်ညှပ်လုပ်ငန်းလုပ်ပါတယ်။ မြင်းလွတ်မြို့မှာ ဆံပင်ညှပ်ပါတယ်။ အဲဒီနေ့က အလယ်သံကျော်ကနေ လုံခြုံရေးတွေနဲ့အတူ လိုက်လာပြီးတော့ (၃)မိုင်ရွာနားရောက်တော့ သူတို့ဘာသာသူတို့ မောင်တောဘက်ကို ပြန်လာတာ မြို့သူကြီးရွာနားရောက်တော့ သေနတ်သံကြားတဲ့အတွက် ဆောက်လက်စမောင်တောခရိုင်တရားရုံးထဲဝင်ပြေးကြတယ်လို့ သိရပါတယ်။ အဲဒီအချိန်မှာ တရားရုံးထဲမှာရှိနေတဲ့ အကြမ်းဖက်သမားတွေ သတ်တာခံလိုက်ရတာဖြစ်ပါတယ်။ ကျွန်တော့်အစ်ကိုနဲ့ သူ့ရဲ့မိသားစုတွေကို အကြမ်းဖက်သမားတွေက သတ်ပစ်လိုက်တာ ဖြစ်ပါတယ်။

**ဦးမီလောန် ၊ အသက် (၅၈) နှစ်**
**ဟိန္ဒူဘာသာဝင်**

အခုဒီစခန်းမှာ ရွာသုံးရွာကနေ အကြမ်းဖက်အန္တရာယ်ကိုကြောက်လို့ ထွက်ပြေးတိမ်းရှောင်နေတဲ့ ဟိန္ဒူဘာသာဝင် ၁၈၄၂ ဦးရှိပါတယ်။

အကြမ်းဖက်သမားတွေက ဩဂုတ် ၂၆ ရက်က ဟိန္ဒူဘာသာဝင် ခြောက်ဦးကို မြို့သူကြီးရွာနားမှာ သတ်ပစ်လိုက်တဲ့ ဖြစ်စဉ်ရှိပါတယ်။ ဒ့ါအပြင် ခမောင်းဆိပ်ကျေးရွာမှာရှိတဲ့ မိသားစုတွေထဲက အမျိုးသမီး ခြောက်ဦး၊ ကလေးလေးဦးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကို အတင်းအဓမ္မဖမ်းပြီး ခေါ်ဆောင်သွားတယ်။ သူတို့ကို ဖမ်းသွားတဲ့သူတွေက ငါတို့ဘာသာထဲဝင်မလား၊ ငါတို့ကို ယူမလား မေးတယ်တဲ့။ အသတ်ခံရမှာကြောက်လို့ ယူပါမယ်။ သူတို့ဘာသာထဲ ဝင်မယ် ဖြေရတယ်လို့ သိရတယ်။ အဲဒီတော့ သူတို့က နင်တို့ရွာက လူတွေကို ငါတို့သတ်တာ မဟုတ်ဘူးလို့ ပြောရမယ်၊ တိုင်းရင်းသားတွေ သတ်တာလို့ ပြောခိုင်းတယ်လို့ သိရပါတယ်။ ပြီးတော့ သူတို့ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ခေါ်သွားတယ်။ အမျိုးသမီးတွေကို အဓမ္မပြုကျင့်တယ်၊ နှိပ်စက်တယ်တဲ့။ အခု အဲဒီအမျိုးသမီးတွေနဲ့ ကလေးတွေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာရှိတဲ့ ဟိန္ဒူဘာသာဝင်တွေက ကယ်တင်ပေးထားတယ်။ သူတို့ ဟိန္ဒူရွာမှာရှိတယ်လို့ ဖုန်းအဆက်အသွယ်ရလို့ သိရပါတယ်။

**ခူကန်းဒေ့ါရ်၊ အသက် (၂၉) နှစ်**
**ဟိန္ဒူဘာသာဝင်**

ခမောင်းဆိပ်ရွာမှာ ကျွန်တော့်အစ်ကိုက ပန်းထိမ်လုပ်ပါတယ်။ အစ်ကို့နာမည်က ပူဖောင်ဒေါ်ရ်ဖြစ်ပြီး သူ့မိန်းမနာမည်က ရီးခါဖြစ်ပါတယ်။ ကလေးသုံးယောက်ရှိပါတယ်။ ကျွန်တော့်အစ်ကိုကိုသတ်ပြီး သူ့မိန်းမကို မူဆလင်ဘာသာထဲ ဝင်ရမယ်ဆိုပြီးတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ခေါ်သွားတယ်လို့ သိရပါတယ်။

ရွာက အမျိုးသားအချို့ကိုလည်း သတ်ပစ်လိုက်တယ်လို့ သိရပါတယ်။ စုစုပေါင်းဖမ်းဆီးခံရတာ ကျွန်တော့်အစ်ကိုရဲ့မိန်းမ အပါအဝင် အမျိုးသမီးခြောက်ဦးနဲ့ ကလေးတွေဖြစ်ပါတယ်။ အစ်ကို့ကို အကြမ်းဖက်သမားတွေက သတ်လိုက်တယ်ဆိုတာကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ရောက်နေတဲ့ အစ်ကို့မိန်းမက ဖုန်းဆက်ပြောတာပါ။ သူတို့ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာရှိတဲ့ ဟိန္ဒူအဖွဲ့အစည်းတစ်ခုက ကယ်တင်ပြီး စောင့်ရှောက်ပေးထားတယ်လို့ သိရပါတယ်။

**(သတင်းအဖွဲ့)**



**❋ မအူပင်မှ**

"ဒီနှစ်က အရင်နှစ်တွေထက် ကြိုးကြာအသိုက်တွေပိုတွေ့တာက ဒေသခံလယ်သမားတွေ ပူးပေါင်းလို့တွေ့တာပါ။ ဒေသခံတွေက ကြိုးကြာထိန်းသိမ်းရေးတွေမှာ ပူးပေါင်းပါဝင်လာကြတယ်။ ကြိုးကြာအသိုက်တွေတွေ့ရင် သတင်းတွေပေးလာကြတယ်။ ဒီတော့ လာမယ့်နှစ်မှာ ကြိုးကြာအသိုက်တွေကို ပိုရှာတွေ့ဖို့ မရောက်နိုင်သေးတဲ့ နေရာတွေအထိ ရောက်အောင်သွားမယ်။ ကြိုးကြာထိန်းသိမ်းရေးတွေ ဒီထက်ပိုအောင်မြင်ဖို့ ဒေသခံလူထုနဲ့ ပိုမိုပူးပေါင်းဆောင်ရွက်သွားမယ်"ဟု သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)မှ ငှက်ပညာရှင် ဦးသက်ဇော်နိုင်က ပြောသည်။

ကြိုးကြာခေါင်းနီများသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာမှာလည်း မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သော မျိုးစိတ်ဖြစ်ပါသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ၂၀၁၆ ခုနှစ် သုတေသနပြုလုပ်ချက်အရ အသိုက် ၃၇ သိုက်ကို တွေ့ရှိထိန်းသိမ်းနိုင်ခဲ့ပြီး ယင်းဒေသတွင် ကြိုးကြာခေါင်းနီများမှာ အကောင်ရေ ၂၀၀ မှ ၄၀၀ အတွင်းသာ ကျန်ရှိတော့သည်ဟု ခန့်မှန်းထားသည်။ ကြိုးကြာခေါင်းနီငှက်သိုက်များကို မြန်မာတစ်နိုင်ငံလုံးတွင် အကောင်ရေ ၅၀၀ ခန့် ကျန်ရှိနိုင်ကြောင်း သိရသည်။

ကြိုးကြာငှက်သည် ၁၉၉၄ ခုနှစ်၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအရ လုံးဝကာကွယ်ထားသော တောရိုင်းတိရစ္ဆာန်များစာရင်းတွင် ပါဝင်သည်။

**(ညီတူး)**

**❖ ကျောဖုံးမှ**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့ညနေ ၃ နာရီခွဲတွင် ဒေသခံဖျားနာ လူနာများအား မောင်တောဆေးရုံသို့ ပို့ဆောင်စဉ် မောင်တောမြို့နယ် သီဟိုဠ်ကျေးရွာအနီး နွားရုံတောင်ကွေ့၌ ARSA အစွန်းရောက် အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် ပြန်လည်ပစ်ခတ်ရှင်းလင်းရာ မိမိဘက်မှ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း၊ ညနေ ၄ နာရီခန့်တွင် နွားရုံတောင်လမ်းဆုံ၌ ARSA အစွန်းရောက်အကြမ်းဖက်သမားများက လက်လုပ်မိုင်းနှစ်လုံးကို ဖောက်ခွဲခဲ့ကြောင်း။

ဩဂုတ် ၃၁ ရက် မွန်းလွဲပိုင်းတွင် မေယုတောင်ခြေ အင်းဒင်ကျေးရွာအနီး လုံခြုံရေးတပ်ဖွဲ့များက နယ်မြေရှင်းလင်းစဉ် ARSA အစွန်းရောက်အကြမ်းဖက်သမား ၁၅၀ ကျော်က ဓားဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် ပြန်လည်ခုခံပစ်ခတ်ရာ အကြမ်းဖက်သမား တစ်ဦးအား အသေဖမ်းဆီးရမိခဲ့ကြောင်း၊ အင်းဒင်ရခိုင်ကျေးရွာအတွင်း၌ အကြမ်းဖက်သမားများက မိုင်း နှစ်လုံး ဖောက်ခွဲခဲ့သဖြင့် နေအိမ်နှစ်လုံး မီးလောင်ကျွမ်းလျက်ရှိကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် နယ်မြေ (၁၁) ဘူးသီးတောင်မြို့နယ် စိမ်းညှင်းပြာကျေးရွာအုပ်စု ပြင်ရှည်ကျေးရွာမှ မသင်္ကာသူ အဒူတာလစ် (၂၂)နှစ်ကိုလည်းကောင်း၊ နယ်မြေ (၆) မောင်တောမြို့နယ် မင်္ဂလာကြီးချောင်းဝကင်းစခန်းအနီးသို့ ရောက်ရှိလာသော မသင်္ကာသူတစ်ဦးကို လည်းကောင်း ဖမ်းဆီးရမိသဖြင့် စစ်ဆေးခဲ့ရာ ၎င်းတို့နှစ်ဦးသည် မောင်တောဒေသအတွင်း အကြမ်းဖက်မှုဖြစ်စဉ်များတွင် ပါဝင်ခဲ့ကြောင်း သိရသဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ ခိုအောင်းလှုပ်ရှားသည့် နေရာများတွင် နိုင်ငံတကာအဖွဲ့အစည်းများက ထောက်ပံ့ရေးပစ္စည်းများ တွေ့ရှိခဲ့ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခဲ့ခြင်းမှာ ယင်းအဖွဲ့အစည်းများက အစွန်းရောက်အကြမ်းဖက်သမားများထံ ၎င်းပစ္စည်းများထောက်ပံ့ပေးသည်ဟု ရည်ညွှန်းခြင်း မဟုတ်သည်ကို ရှင်းရှင်းလင်းလင်း သိစေအပ်ပါကြောင်း၊ ထောက်ပံ့ရေးပစ္စည်းများ အကြမ်းဖက်သမားများထံ ရောက်ရှိနေမှုကို ဆက်လက်စုံစမ်းသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**(သတင်းစဉ်)**

## မန္တလေး၌ ယာယီပိတ်ထားသည့် ကျောင်းအချို့ ပြန်လည်ဖွင့်လှစ်

**မန္တလေး ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီးအတွင်း ဩဂုတ် ၁၇ ရက်မှ ၃၀ ရက်အထိ ဧရာဝတီနှင့် ဒုဌဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် ယာယီပိတ်ထားသည့် အခြေခံပညာကျောင်းပေါင်း ၂၈၁ ကျောင်းအနက် ၁၃၂ ကျောင်းကို ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း တိုင်းဒေသကြီးပညာရေးမှူးရုံးမှ သိရသည်။

"ရေဝင်ကျောင်းပိတ်ရက်တွေအနေနဲ့ ရက်စားက အဖိတ်၊ ဥပုသ်ပိတ်တဲ့ ကျောင်းတွေက အဖိတ်နေ့၊ ဥပုသ်၊ တနင်္ဂနွေပိတ်တဲ့ ကျောင်းတွေက တနင်္ဂနွေနေ့ပြန်တက်တယ်။ များသောအားဖြင့် အဲဒီဘက်ခြမ်းတွေက အဖိတ်၊ ဥပုသ်ပိတ်တာများတော့ အားလုံးကအဖိတ်ပဲ"ဟု တိုင်းဒေသကြီးပညာရေးမှူးရုံးစီမံဌာနမှ ဦးစီးအရာရှိ ဦးခင်မောင်တိုးက ပြောပြသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# ခေတ္တတိမ်းရှောင်ခိုလှုံနေသည့် အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်လှူဒါန်း

**စစ်တွေ ဩဂုတ် ၃၁**

မောင်တောဒေသ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ရသေ့တောင်မြို့တွင် ခေတ္တတိမ်းရှောင်ခိုလှုံနေသည့် အိမ်ထောင်စုများအား ဝေဠုကျော် ဖောင်ဒေးရှင်းက ဩဂုတ် ၃၀ ရက်တွင် သွားရောက်ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ခေတ္တတိမ်းရှောင်ခိုလှုံလျက်ရှိသည့် တောင်ရင်းတန်းရပ်ကွက်ရှိ အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်း၌ အိမ်ထောင်စု ခုနစ်စု၊ တောင်ရင်းရပ်ကွက်ရှိ စေတီယင်္ဂဏဘုန်းတော်ကြီးကျောင်း၌ အိမ်ထောင်စု ၃၉ စု၊ တောင်ရင်းတန်းရပ်ကွက်ရှိ ဇောတိပါလဘုန်းတော်ကြီးကျောင်း၌ အိမ်ထောင်စု ခုနစ်စု၊ အရှေ့မြောက်ရပ်ကွက်ရှိ ဓညဝတီဘုန်းတော်ကြီးကျောင်း၌ အိမ်ထောင်စု ၁၄ စု၊ မြို့မ အထက(၁)စာသင်ဆောင်၌ အိမ်ထောင်စု ၇၄ စု စုစုပေါင်း အိမ်ထောင်စု ၁၄၁ စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၄၁၀၀၀၀ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။



**ပြည်နယ်(ပြန်/ဆက်)**

# စာရေးဆရာမ မီးအိမ်ရှင် ဒေါက်တာနိုက်တင်ဂေးလ်နှင့် ရွှေမြိုင်ပြုံးလဲ့မော်တို့ မဲခေါင်စာပေဆုရရှိ

**နေပြည်တော် ဩဂုတ် ၃၁**

မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်း (မနုသကျော်ဝင်း)နှင့် အဖွဲ့သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဩဂုတ် ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပသည့် မဲခေါင်စာပေဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဩဂုတ် ၂၈ ရက် ညပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

အဆိုပါ မဲခေါင်စာပေဆုချီးမြှင့်ပွဲတွင် စာရေးဆရာမ မီးအိမ်ရှင် ဒေါက်တာနိုက်တင်ဂေးလ်နှင့် ရွှေမြိုင်ပြုံးလဲ့မော်တို့က မဲခေါင်စာပေဆုရရှိခဲ့ကြောင်း သိရသည်။

မဲခေါင်စာပေဆုချီးမြှင့်ပွဲ ခရီးစဉ်အတွင်း မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်း (မနုသကျော်ဝင်း)နှင့် အဖွဲ့သည် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ မြန်မာ၊ ထိုင်းနှင့် တရုတ် (ယူနန်) အစရှိသည့် မဲခေါင်ခြောက်နိုင်ငံမှ စာရေးဆရာအသင်းဥက္ကဋ္ဌများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးခြင်း၊ ဒေသတွင်း အထင်ကရနေရာများသို့ သွားရောက်လေ့လာခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**




# ဒုတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး ပထမနေ့ကျင်းပ

**ဘားအံ ဩဂုတ် ၃၁**

ဒုတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး ပထမနေ့ကို ဩဂုတ် ၃၁ ရက် နံနက် ၁၀ နာရီက ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးတက်ရောက်ခွင့်ရှိသူ ၂၃ ဦးအနက် ၂၂ ဦး (၉၅ ဒသမ ၆၅ ရာခိုင်နှုန်း) တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းဆိုင်ရာ လျာထားချက်စာရင်းကို လည်းကောင်း၊ ဘားအံမြို့ ကမ်းနားလမ်း သန့်ရှင်းသာယာလှပရေး အဆင့်မြှင့်တင်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က လည်းကောင်း၊ ဘားအံမြို့ ဘားကပ်ကျေးရွာ သံလွင်မြစ်ကမ်းနံဘေးတွင် တန် ၄၀၀၀ ခံနိုင်ဝန်ရှိသော ဆိပ်ခံတည်ဆောက်မည့် စီမံကိန်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ပြည်နယ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာက လည်းကောင်း ပြည်နယ်လွှတ်တော်သို့ အဆိုတင်သွင်းကြသည်။



ထို့နောက် အဆိုပါတင်သွင်းမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က ကြေညာပြီး ဒုတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး ဒုတိယနေ့ကို စက်တင်ဘာ ၁ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ဘာသာရပ်သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်)က ကြီးမှူးဖွင့်လှစ်သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းအမှတ်စဉ် (၁၁/၂၀၁၇) ဆင်းပွဲအခမ်းအနားကို ဩဂုတ် ၂၉ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မန္တလေးမြို့ FITC (Fuqing International Language Teaching Center) သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (မန္တလေးရုံးခွဲ) တာဝန်ခံညွှန်ကြားရေးမှူး ဦးခင်မောင်ရွှေနှင့် Sky Team အကယ်ဒမီသင်တန်းကျောင်းမှ နည်းပြမှူး ဆရာဦးမြင့်အောင်တို့က အဖွင့်အမှာစကားပြောကြားကြသည်။

အမှတ်စဉ် (၁၁/၂၀၁၇) တွင် သင်တန်းသား သင်တန်းသူ ၁၈၉ ဦး တက်ရောက်ပြီး ဧည့်ကြိုသင်တန်း၊ အိပ်ခန်းဆောင် ထိန်းသိမ်းရေးသင်တန်း၊ အစားအစာနှင့် အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေးသင်တန်းတို့ကို ရက်သတ္တလေးပတ်ကြာနှင့် အစားအစာနှင့် အဖျော်ယမကာထုတ်လုပ်ရေး သင်တန်းကို ရက်သတ္တ ရှစ်ပတ်ကြာ စာတွေ့ လက်တွေ့ လုပ်ငန်းခွင်မပျက် သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



# မိခင်နို့ရည်ကို သုံးလအထိ အအေးခန်းထဲတွင် ထားရှိနိုင်

**ရန်ကုန် ဩဂုတ် ၃၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကြီးမှူး၍ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ် ၂၈ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ရှိ ဗဟိုအမျိုးသမီးဆေးရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပါမောက္ခ/ဌာနမှူး ဒေါက်တာစမ်းစမ်းမြင့်က 'နို့ချိုတိုက်ကျွေးပြည့်ရင်သွေး'ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပါမောက္ခ ဒေါက်တာ နမ့်စမ်းစမ်းအေးက 'နို့ရည်တိုက်ကျွေးဖို့ အားလုံးဝိုင်းဝန်းကူညီစို့' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာပပက 'အာဟာရပြည့်လျှင် ပြုံးပျော်ရွှင် လုံးစုံစိတ်ချမိခင်ဘဝ' ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

"မိခင်နို့ရည်တိုက်ကျွေးခြင်းအားဖြင့် လူ့လောကထဲ စဝင်လာတဲ့အခါ အလိုချင်ဆုံးလက်ဆောင်ဖြစ်ရမယ်။ မိခင်နို့ရည်က အမြဲတမ်းလတ်ဆတ်တယ်။ နို့ရည်ကို အခန်းရဲ့ အေးတဲ့နေရာမှာထားရင် အနည်းဆုံး လေးနာရီခံတယ်။ ရေခဲသေတ္တာထဲမှာထားရင် ငါးရက်ခံတယ်။ ရေခဲထုပ်ထုပ်တဲ့ ဖရီဇာထဲမှာထားရင် သုံးလခံတယ်။ အမြဲတမ်းအေးနေရမယ်။ နို့ရည်တိုက်တဲ့အခါ ကလေးကို ငိုမှမတိုက်ရဘူး။ မျက်လုံးဖွင့်တာနဲ့၊ ပါးစပ်လှုပ်တာနဲ့ တိုက်ရမယ်။ အနည်းဆုံး ရှစ်ကြိမ်လောက်တိုက်ရမယ်"ဟု ပါမောက္ခ/ဌာနမှူး ဒေါက်တာ စိမ့်စမ်းအေးက ပြောသည်။

ထို့အပြင် ဗဟိုအမျိုးသမီးဆေးရုံအုပ်ကြီးက "ကလေးကိုမွေးမွေးချင်း မိခင်နို့တိုက်ကျွေးရမယ်။ ဟိုအရင်က အယူအဆတွေဖြစ်တဲ့ နှစ်နာရီကြာ တစ်ခါတိုက်ရတာ မဟုတ်ဘူး။ ကလေးနို့ဆာတိုင်း တိုက်ရမယ်။ မိခင်နို့ဟာ တုနှိုင်းမမီတဲ့အတွက် ရောဂါတွေကိုကာကွယ်စေတဲ့ မိခင်နို့ထဲမှာပါတဲ့ဓာတ်ဟာ ဘယ်ဖော်မြူလာနဲ့မှ ထုတ်လို့မရဘူး"ဟု ပြောသည်။

မိခင်နို့ရည်တိုက်ကျွေးခြင်းနှင့်ပတ်သက်၍ ကမ္ဘာ့အဖွဲ့အစည်းတစ်ခုကို ၁၉၉၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး နှစ်စဉ် ဩဂုတ် ၁ ရက်မှ ၇ ရက်အထိ နိုင်ငံပေါင်း ၁၂၀ ခန့်တွင် အထိမ်းအမှတ်အခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။ အခမ်းအနားသို့ ကလေးမွေးဖွားပြီးခါစမိခင်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။ **(ဇာနည်မောင်)**

# သူတစ်ပါးထိခိုက်မှုအာမခံနှင့် ခရီးသွားအာမခံလုပ်ငန်း သိမှတ်ဖွယ်ရှင်းလင်း

**ပုသိမ် ဩဂုတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ပို့ဆောင်ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန မြန်မာနိုင်ငံအာမခံလုပ်ငန်းဦးစီးဌာနနှင့် တိုင်းဒေသကြီး ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီတို့ ပူးပေါင်းကျင်းပသော သူတစ်ပါးထိခိုက်မှု အာမခံနှင့် ခရီးသွားအာမခံလုပ်ငန်းသိမှတ်ဖွယ်ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ဩဂုတ်လ နောက်ဆုံးပတ်က ပုသိမ်မြို့ ကင်မလင်းကျွန်းအဝေးပြေးဝင်းတိုင်းဒေသကြီး မထသရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ ပို့ဆောင်ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်မူယာရှိန်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံအာမခံလုပ်ငန်း တိုင်းဒေသကြီး တာဝန်ခံ ဒေါ်ခင်ထွေးမေက ဧရာဝတီတိုင်းဒေသကြီးတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုရှိသလို မတော်တဆယာဉ်ထိခိုက်မှု၊ မီးလောင်မှု၊ တိမ်းမှောက်မှု၊ မလိုတမာဖျက်ဆီးခံရမှုစသည်တို့တွင် အာမခံထားရှိပါက နစ်နာဆုံးရှုံးမှုများအတွက် ပေးလျော်မည်ဖြစ်ခြင်းကြောင့် နိုင်ငံတော်၏ စေတနာပိုင်းကို သိနားလည်ခွင့်ရှိစေရန် ဖိတ်ခေါ်ကြောင်း၊ အာမခံအကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(ပုသိမ်လှကြည်)**

# လိုင်စင်မဲ့လက်ကိုင်စက်လွှများ စုပေါင်းအပ်နှံ

**တောင်တွင်းကြီး ဩဂုတ် ၃၁**

တောင်တွင်းကြီးမြို့နယ်၌ တရားမဝင်သစ်မှောင်ခိုမှုပပျောက်ရေးအတွက် လိုင်စင်မဲ့သစ်ဖြတ်စက်(လက်ကိုင်စက်လွှ) စုပေါင်းပေးအပ်ပွဲကို ဩဂုတ် ၂၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်မော်၊ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများနှင့် လက်ကိုင်စက်လွှပိုင်ရှင်များ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်အတွင်းရှိ ကျေးရွာများမှ လိုင်စင်မဲ့လက်ကိုင်စက်လွှပိုင်ရှင် ၆၃ ဦးတို့က လက်ကိုင်စက်လွှ ၆၃ ခုကို တာဝန်ရှိသူများထံ အပ်နှံခဲ့ကြောင်း သိရသည်။ **(၅၈၀)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၃၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၃၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၂၃ စီး၊ သွင်းကုန် ၃၆၆ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၇ စီး၊ သွင်းကုန် ၁၄၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၃ မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃ ဒသမ ၀၁၈ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၅၇၀ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆ ဒသမ ၅၈၈ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၃၀ ရက်တွင် လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး လားရှိုးနှင့် ရေပူကြား ရပ်တန့်ထားသော မော်တော်ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က လိုက်လံစစ်ဆေးခဲ့ရာ မိုင်တိုင်အမှတ် (၁၉၁/၁) ပန်ဖတ်ရွာ ရေစင်အနီး၌ တွဲကား ၂၂ ဘီးယာဉ် တစ်စီး မသင်္ကာဖွယ်ရပ်တန့်ထားသည်ကိုတွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ပိတောက်ခြားရွှေတုံး ၇၈ တုံး (၇ ဒသမ ၆၀၁၂တန်)၊ ပိတောက်သစ်လုံး ငါးလုံး (သုည ဒသမ ၉၂၂၀ တန်)၊ ပိတောက်သုံးပေအောက် သစ်လုံး ၁၀ လုံး (သုည ဒသမ ၆၃၃၈ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၀ ဒသမ ၂၉၅ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော ပိတောက်ခြားရွှေတုံး၊ ပိတောက်သစ်လုံးနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်။**

## အဝေးပြေးဝင်း ယာဉ်တစ်စီးပေါ်မှ ရိုင်ဖယ်ကျည်ဆန်များ တွေ့ရှိ

**ရန်ကုန် ဩဂုတ် ၃၁**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်တွင် ဩဂုတ် ၃၁ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်က လှိုင်သာယာမြို့နယ် ဒဂုံဧရာအဝေးပြေးဝင်းအတွင်း လှိုင်သာယာမြို့နယ်နှင့် မြောင်းမြမြို့နယ်သို့ ပြေးဆွဲသော လိုင်းကားတစ်စီးပေါ်တွင် ပိုင်ရှင်မဲ့ကျည်ဆန်များတွေ့ရှိကြောင်း သတင်းအရ သောင်ကြီးနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်မြင့်ဇော်ဦးနှင့်အဖွဲ့ သွားရောက်အတည်ပြု စုံစမ်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၃၁ ရက် နံနက် ၈ နာရီခွဲခန့်က မြောင်းမြမြို့နယ်မှ လှိုင်သာယာမြို့နယ်သို့ ယာဉ်မောင်း မျိုးမင်းဇော်(၂၉)နှစ် တောင်ကွဲကျေးရွာ ကုန်းသာကျေးရွာအုပ်စု မြောင်းမြမြို့နယ်နေသူ မောင်းနှင်လာသည့် ဟွန်ဒိုင်းဖြူပြာရောင်ခရီးသည်တင်ယာဉ်သည် အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၂၀ စုစုပေါင်း ၃၇ ဦးအား တင်ဆောင်မောင်းနှင်လာခဲ့ရာ လှိုင်သာယာမြို့နယ် ဒဂုံဧရာ အဝေးပြေးဝင်းသို့ရောက်ရှိပြီး ခရီးသည်များ ကားပေါ်မှဆင်းသွားကြပြီးနောက် ယာဉ်နောက်လိုက် အောင်ကိုထွန်း(၃၂)နှစ် တောင်ခွင်ကျေးရွာ ရေဦးမြို့နယ်နေသူက ကားပေါ်တွင် ကားနောက်ပိုင်းမှရှေ့ဘက်သို့ သန့်ရှင်းရေးပြုလုပ်စဉ် စက္ကူအဖြူဖြင့်ပတ်လျက် အလျား နှစ်လက်မခန့်၊ အနံ တစ်လက်မခွဲခန့်ရှိ စက္ကူဘူးငယ်တစ်ခုတွေ့ရှိခဲ့ရပြီး ဖွင့်ကြည့်ခဲ့ရာ (ဒသမ ၃၀၃) ရိုင်ဖယ်ကျည် ၂၅ တောင့်ပါ ဘူးတစ်ဘူးအားတွေ့ရှိခဲ့ရကြောင်း စစ်ဆေးသိရှိခဲ့သဖြင့် လှိုင်သာယာနယ်မြေခံတပ်သို့ အပ်နှံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းလင်းဇော်(လှိုင်သာယာ)**





## နေရပ်စွန့်ခွာဒုက္ခသည်များအား ထောက်ပံ့နိုင်ရေး သံတွဲမြို့၌ အလှူခံဆောင်ရွက်

**သံတွဲ ဩဂုတ် ၃၁**

ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောခရိုင်၌ ဖြစ်ပွားလျက်ရှိသော ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာနေကြရသည့် ဒေသခံတိုင်းရင်းသားများအား ကူညီထောက်ပံ့မှုပေးနိုင်ရေးအတွက် ရခိုင်ပြည်နယ်တောင်ပိုင်း သံတွဲမြို့ရှိ လူငယ်ပရဟိတအဖွဲ့များ၊ စာပေဝါသနာရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများကွန်ရက် (ငပလီမြို့) အဖွဲ့များစုပေါင်း၍ ဩဂုတ် ၂၉ ရက် နံနက်မှစတင်ကာ မြို့ပေါ်ရပ်ကွက်များနှင့် လက်လှမ်းမီရာနေရာဒေသများသို့ လှည့်လည်အလှူခံဆောင်ရွက်ခြင်းနှင့် သံတွဲမြို့နယ်ခန်းမတွင် အလှူခံဌာန ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး နေရပ်စွန့်ခွာဒုက္ခသည်များထံအရောက် သွားရောက်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နောက်မှကျော်တက်လိုသောယာဉ်ကို ကျော်တက်နိုင်ကြောင်း မီးအချက်ပြမှု မှန်ကန်စွာအသုံးပြုနိုင်ရေး ယာဉ်မောင်းအားလုံးသို့ အသိပေးနှိုးဆော်

၁၉၈၉ မော်တော်ယာဉ် နည်းဥပဒေများအရ ထုတ်ပြန်ထားသော ညွှန်ကြားချက်၏ "မော်တော်ယာဉ်တွင် တပ်ဆင်ထားသောမီးများနှင့် ယာဉ်မောင်းသူ၏လက်ဖြင့် အချက်ပြပုံများ"အခန်း၌ **မော်တော်ယာဉ်အား ကျော်တက်နိုင်ကြောင်းကို ယာဉ်၏လက်ယာဘက်မီးဖြင့် အချက်ပြရန်** သတ်မှတ်ပြဋ္ဌာန်းထားသည်။

ယာဉ်များကျော်တက်ရာတွင် ရှေ့မှယာဉ်သည် နောက်မှကျော်တက်လိုသောယာဉ်ကို ကျော်တက်နိုင်ကြောင်း ယာဉ်၏ လက်ယာဘက်မီးဖြင့် အချက်ပြခြင်းသည် အမှန်ဖြစ်သော်လည်း ယာဉ်မောင်းများ၊ အထူးသဖြင့် ကားကြီးယာဉ်မောင်းအများစုသည် အဝေးပြေးလမ်းမကြီးများပေါ်၌ ယာဉ်၏လက်ဝဲဘက်မီးဖြင့်သာ အချက်ပြလျက် လွဲမှားစွာကျင့်သုံးနေကြသည်။ ထိုသို့လွဲမှားနေသည့်အတွက် မလိုလားအပ်သော ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်လျက်ရှိသည်။


ကျော်တက်ရန် အချက်ပြမှုအမှန်သို့ ချောမွေ့စွာ ပြောင်းလဲကျင့်သုံးနိုင်စေရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသိပညာပေးမှုများ၊ စစ်ဆေးကြပ်မတ်မှုများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပြီးနောက် **၁-၉-၂၀၁၇ ရက်နေ့ နံနက် ၆ နာရီမှစ၍ တစ်နိုင်ငံလုံးရှိ မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်း၊ အမြန်လမ်းအားလုံး၌ ယာဉ်မောင်းအားလုံးသည် အမှန်မီးအချက်ပြမှုသို့ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း၊ တစ်ပြေးညီ စတင်ပြောင်းလဲကျင့်သုံးကြရမည်** ဖြစ်သည်။

ထိုသို့ ပြောင်းလဲကျင့်သုံးမှု မတိုင်မီအတွင်း နားလည်မှုလွဲမှားမှုများ ရှိနိုင်သည့်အတွက် မော်တော်ယာဉ် ကျော်တက်မည်ဆိုပါက အခြေအနေအရပ်ရပ်ကို သုံးသပ်၍ အထူးသတိပြုဆောင်ရွက်ကြရန် လိုအပ်မည်။

ယာဉ်မောင်းအားလုံးအနေဖြင့် **မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်း၊ အမြန်လမ်းအားလုံး၌** နောက်မှကျော်တက်လိုသော မော်တော်ယာဉ်ကို ကျော်တက်နိုင်ကြောင်း ယာဉ်၏လက်ယာဘက်မီးဖြင့် မှန်ကန်စွာအချက်ပြခြင်းကို အလေးထားလိုက်နာကျင့်သုံးကြပါရန်နှင့် ၁-၉-၂၀၁၇ ရက်နေ့ နံနက် ၆ နာရီမှစ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမှန်သို့ တစ်ပြေးညီ ပြောင်းလဲကျင့်သုံးနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ**




# ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာဒုက္ခသည်များအတွက် သွားရောက်လှူဒါန်းမည်

**ရေး ဩဂုတ် ၃၁**

မွန်ပြည်နယ် ရေးမြို့ ပစ္ဆိမာရုံကျောင်းတိုက်၌ ဩဂုတ် ၃၁ ရက် ညနေ ၅ နာရီက ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသရှိ လတ်တလော နေရပ်စွန့်ခွာ ဒုက္ခသည်များအတွက် ကူညီလှူဒါန်းပေးနိုင်ရေး လူမှုရေးအဖွဲ့အစည်းများက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

"ရခိုင်ပြည်နယ်က နေရပ်စွန့်ခွာဒုက္ခသည်တွေကို လှူဒါန်းဖို့ ငွေကျပ် ၂၁ သိန်းကျော် ရရှိထားတယ်။ စားသောက်ကုန်နဲ့ လူသုံးကုန်တွေကို ဦးစားပေးလှူဒါန်းသွားမယ်" ဟု ဦးဆောင်သူ အရှင်ပညာစာရက မိန့်ကြားသည်။

ရရှိလာသော အလှူငွေနှင့်အတူ လူသုံးကုန်၊ စားသောက်ကုန်များကို ကနဦးအနေဖြင့် စက်တင်ဘာ ပထမပတ်အတွင်း သွားရောက်လှူဒါန်းရန်စီစဉ်ထားကြောင်း၊ ထပ်မံရရှိလာမည့် အလှူငွေများကိုလည်း အရှင်ပညာစာရက လက်ခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

■

# ပြင်ဆင်ဖတ်ရှုပါရန်

(၃၁-၈-၂၀၁၇) ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၂) တွင်ဖော်ပြထားသော "ဘော်ဒါဆောင်ပိုင်ရှင်မှ ကျောင်းသူအား ကာယိန္ဒြေပျက်အောင် ပြုလုပ်၍ ဘော်ဒါဆောင်ပိတ်သိမ်း" သတင်း၏ ဒုတိယပိုဒ်တွင် "နေပြည်တော် ကုံ့ကော်အိမ်ရာနေသူ၏ သမီးဖြစ်သူ" ဟု ပြင်ဆင်ဖတ်ရှုပါရန် တောင်းပန်အပ်ပါသည်။

**(စာတည်း)**




# ချန်ပီယံလိဂ်အဝေးကွင်းပွဲစဉ် လိုက်ပါကြည့်ရှုမည့်ပရိသတ်များကို ဗီဇာကြေးပေးသွင်းပေးမည့် မန်ယူ

မန်ယူအသင်းသည် ရုရှားမြေတွင် စီအက်စ်ကေအေနှင့်ကစားသည့် ချန်ပီယံလိဂ်ပွဲစဉ်ကို လိုက်ပါကြည့်ရှုအားပေးမည့် ပရိသတ်များအတွက် ရုရှားဗီဇာကြေး ပေါင် ၁၁၈ ဒသမ ၂၀ ကို ပရိသတ်များအားလုံးကိုယ်စား ကလပ်အသင်းဘက်မှ ကျခံပေးသွင်းသွားမည်ဖြစ်သည်။ မန်ယူထောက်ခံသူများယုံကြည်ရေးအဖွဲ့အစည်းက ယင်းအစီအစဉ်ဖြစ်ပေါ်လာစေရန် ဦးဆောင်လှုပ်ရှားခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့်နှစ် ရုရှားကလပ် ရော့စ်တော့ဗ်အသင်းနှင့် ယူရိုပါလိဂ် ၁၆ သင်းအဆင့် တွေ့ဆုံစဉ်ကလည်း အလားတူစီစဉ်ပေးခဲ့ဖူးသည်။

ပရိသတ်များအနေဖြင့် လိုအပ်သည့် စာရွက်စာတမ်းများကို ရုရှားသံရုံးသို့ တင်ပြလျှောက်ထားရန်လိုပြီး ဗီဇာကြေးကို ကလပ်အသင်းဘက်မှ ပေးသွင်းသွားမည်ဖြစ်သည်။ အဆိုပါ ပွဲစဉ်ကို စက်တင်ဘာ ၂၇ ရက်တွင် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး မန်ယူအသင်းအနေဖြင့် ရုရှားနိုင်ငံအထိ လိုက်ပါအားပေးမည့် ပရိသတ်များအတွက် ကုန်ကျစရိတ်သက်သာစေရန် ယခုလိုစီစဉ်ခဲ့ခြင်းဖြစ်သည်။ မန်ယူအသင်းဝက်ဘ်ဆိုက်ပေါ်တွင် မန်ယူပရိသတ်များ ဥရောပတစ်ဝန်းလိုက်ပါအားပေးရာတွင် အဆင်ပြေစေရေးအတွက် ဗီဇာကြေးကို ကျခံပေးရခြင်းဖြစ်ကြောင်း ဖော်ပြပါရှိသည်။

မန်ယူအသင်းကြေညာချက်တွင် "ဒီကိစ္စရပ်က မန်ယူထောက်ခံသူများ ယုံကြည်ရေးအဖွဲ့က တောင်းဆိုမှုအရ ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါတယ်။ မကြာသေးခင်ကရရှိခဲ့တဲ့ နိုင်ပွဲတွေနဲ့အတူ လူငယ်လက်မှတ်နှုန်းထားတွေကို လျှော့ချပေးဖို့ စီစဉ်ထားသလို လိဂ်ဖလားပွဲစဉ် လက်မှတ်ဈေးနှုန်းတွေကိုလည်း ဈေးလျှော့ပေးဖို့ စီစဉ်ထားပြီးဖြစ်ပါတယ်" ဟု ဖော်ပြပါရှိသည်။

**မေလှဲ့သင်း – စုစည်းသည်**

# လွန်ခဲ့တဲ့ နှစ် ၂၀ ကျော်က မန်ယူရဲ့ အတွင်းရေးကို ဖွင့်ချခဲ့တဲ့

# မန်ယူအသင်းဥက္ကဋ္ဌဟောင်း မာတင်အက်ဒဝပ်


မန်ယူအသင်းဥက္ကဋ္ဌဟောင်း မာတင်အက်ဒဝပ်က လွန်ခဲ့တဲ့ နှစ် ၂၀ ကျော်က မန်ယူအသင်း အတွင်းစည်းအတွင်းဖြစ်ပျက်ခဲ့တဲ့ ကိစ္စရပ်တွေထဲကမှ သူ့အတွက် မှတ်မှတ်ထင်ထင်ရှိတဲ့ အကြောင်းအရာများကို သူ့ရဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်ဖြစ်တဲ့ "Red Glory" မှာ ထည့်သွင်းဖော်ပြခဲ့ပါတယ်။ ဒီစာအုပ်ထဲမှာ အဲရစ်ကန်တိုနာနဲ့ စာချုပ်ကိစ္စဆွေးနွေးမှု၊ ဇီဒန်းကို မခေါ်ယူခဲ့တဲ့ ဖာဂူဆန်ရဲ့ ဆုံးဖြတ်ချက်၊ ဗီရွန်ကို မြင့်မားတဲ့ပြောင်းရွှေ့ကြေးနဲ့ လစာနှုန်းထားပေးချေဖို့ ဆုံးဖြတ်ခဲ့တဲ့အကြောင်းတွေကိုပါ ပြည့်ပြည့်စုံစုံဖော်ပြခဲ့ပါတယ်။

သူက မန်ယူအသင်းဟာ အဲဒီအချိန်တုန်းက လည်ပတ်တဲ့ ပုံစံအရ အဓိကကစားသမားအချို့ကို ထုတ်ရောင်းခဲ့ရပြီး ဝေဖန်မှုတွေ များစွာခံခဲ့ရတယ်ဆိုတာကို ပြန်ပြောင်းဖော်ပြခဲ့ပါတယ်။ ဒ့ါအပြင် မာတင်အက်ဒဝပ်ရုံးခန်းထဲ ကန်တိုနာ ရောက်လာတဲ့အချိန်မှာ အက်ဒဝပ်က "ဒီကနေ နောက်သုံးနှစ်ဆိုရင် ပါ့ါအဲရစ်(ကန်တိုနာ)ရေ ခင်ဗျားပရီမီယာလိဂ်ဖလား ဘယ်နှလုံး ကိုင်မြှောက်နိုင်မယ်လို့ထင်လဲလို့ ကျွန်တော်က မေးမြန်းရာမှာ သူက သုံးလုံးပေါ့လို့ ယုံကြည်မှုရှိရှိနဲ့ ပြန်ဖြေခဲ့ပါတယ်" လို့ ကန်တိုနာရဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိတဲ့အကြောင်းကို ဖွင့်ဟခဲ့တာဖြစ်ပါတယ်။

ဒ့ါအပြင် အက်ဒဝပ်က ဖာဂူဆန်အနေနဲ့ အဲဒီခေတ်က အကောင်းဆုံးကစားသမားဖြစ်တဲ့ ဇီဒန်းကို မန်ယူအသင်းဆီ ဘာလို့ခေါ်ယူဖို့ မကြိုးစားခဲ့သလဲဆိုတာကို သူ့အနေနဲ့ နားလည်ကြောင်း ဖော်ပြခဲ့ပြီး "ဖာဂီက အဲဒီအချိန်တုန်းက ကန်တိုနာ အနားယူမယ်ဆိုတာမသိခဲ့သလို အခြားကွင်းလယ်ကစားသမားတွေအများကြီးရှိနေတာကြောင့် ဇီဒန်းကို ခေါ်ယူဖို့ မကြိုးစားခဲ့တာလို့ နားလည်ရပါတယ်"လို့ ရေးသားခဲ့ပေမယ့် "၂၀၀၁ ခုနှစ် ဗီရွန်ကို ခေါ်ယူခဲ့တဲ့ ကိစ္စရပ်ကို အတော်စိတ်ပျက်မိပါတယ်။ ကျွန်တော်တို့မှာ နစ်ကီဘတ်ရှိနေလျက်နဲ့ ဗီရွန်ကို မြင့်မားတဲ့ပြောင်းရွှေ့ကြေး ပေါင် ၂၈ သန်း၊ လစာတစ်နှစ် ပေါင် ငါးသန်းလောက်ပေးချေခေါ်ယူခဲ့တာဖြစ်ပါတယ်"လို့ ဖာဂူဆန်ရဲ့ ဗီရွန်ကို ခေါ်ယူခဲ့တဲ့ကိစ္စရပ်အပေါ် ဝေဖန်ရေးသားသွားခဲ့တာဖြစ်ပါတယ်။



မန်ယူနည်းပြဟောင်း ဖာဂူဆန်နှင့် ၂၀၀၁ ခုနှစ်က ဖာဂူဆန် ကလပ်အသင်းစံချိန်ကြေးဖြင့် ခေါ်ယူခဲ့သည့် အာဂျင်တီးနားကွင်းလယ်ကစားသမား ဗီရွန်။



# စပိန်ကျောနံပါတ်(၇)ပိုင်ရှင်အစစ်က ဒေးဗစ်ဗီလာဟု မိုရာတာ ပြောကြား

စပိန်လက်ရွေးစင်အသင်းနည်းပြ လိုပီတက်ဂွေက ဝါရင့်တိုက်စစ်မှူး ဒေးဗစ်ဗီလာကို အီတလီ၊ လက်ချင်စတိန်းတို့နဲ့ကစားမယ့် ကမ္ဘာ့ဖလားခြေစစ်ပွဲလူစာရင်းအတွက် ရွေးချယ်ခဲ့ပါတယ်။ စပိန်အသင်းကို ဗီလာပြန်လာခြင်းနဲ့အတူ လက်ရှိကျောနံပါတ်( ၇) ဝတ်ဆင်ခွင့်ရ မိုရာတာက မူလက ဒေးဗစ်ဗီလာ ဝတ်ဆင်ခဲ့တဲ့ ဒီကျောနံပါတ်(၇)ဂျာစီကို ဗီလာကိုသာ ပြန်လည်လွှဲပြောင်းဝတ်ဆင်ပေးဖို့ သဘောတူခဲ့တယ်လို့သိရပါတယ်။ ဒေးဗစ်ဗီလာဟာ လက်ရှိမှာ အသက်(၃၅)နှစ်ကျော်နေပြီဖြစ်သလို မေဂျာလိဂ်ကလပ် နယူးယောက်စီးတီးအသင်းမှာ ကစားနေတာဖြစ်ပေမယ့် မေဂျာလိဂ်မှာ ပြသခဲ့တဲ့ ခြေစွမ်းတွေကြောင့် နည်းပြလိုပီတက်ဂွေက လက်ရွေးစင်အသင်းအတွက် ပြန်လည်ခေါ်ယူခဲ့တာဖြစ်ပါတယ်။

မိုရာတာက ဗီလာကို ကျောနံပါတ်(၇) ဂျာစီ ဝတ်ဆင်ခွင့်ပေးခဲ့ရတဲ့အတွက် ကျေနပ်ပျော်ရွှင်သလို ကျောနံပါတ်(၇)ကို ဗီလာသာ ပိုင်ဆိုင်တယ်လို့ ပြောကြားခဲ့တာဖြစ်ပါတယ်။ ဒေးဗစ်ဗီလာဟာ စပိန်အသင်းရဲ့ ထိပ်တန်းဂိုးသွင်းရှင်ဖြစ်ပြီး သွင်းဂိုး ၅၉ ဂိုးအထိ သွင်းယူပေးခဲ့သူဖြစ်ပေမယ့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးကတည်းက စပိန်အသင်းလူစာရင်းမှာ ရွေးချယ်မခံရတော့တာဖြစ်ပါတယ်။ မိုရာတာဟာ စပိန်လက်ရွေးစင်အသင်းမှာ ကျောနံပါတ်(၇)ကို ဝတ်ဆင်လာတာ နှစ်နှစ်ကျော်ကာလ ရောက်ရှိလာခဲ့ပြီဖြစ်ပေမယ့် ဗီလာကို ပြန်လည်လက်လွှဲဝတ်ဆင်ခွင့်ပေးရမယ့်အတွက် ကျေနပ်ကြောင်းဆိုခဲ့တာပါ။

## လက်စတာမှ ထွက်ခွာခွင့်ပြုရန် ဒရင့်ဝါတာ တောင်းဆို

လက်စတာကွင်းလယ်လူ ဒရင့်ဝါတာက ကလပ်အသင်းဘက်မှ သူ့ကို ထွက်ခွာခွင့်ပေးရန် တောင်းဆိုလိုက်ပြီဖြစ်သည်။ ချယ်လ်ဆီးအသင်းက ဒရင့်ဝါတာကို ခေါ်ယူရန် ကြိုးပမ်းနေသော်လည်း လက်စတာအသင်းက ဝါတာကို ဆုံးရှုံးခံမည်မဟုတ်ဟု အစောပိုင်းကပင် ပြောကြားထားပြီးဖြစ်သည်။ ဝါတာမှာ ၂၀၁၆ ခုနှစ် လက်စတာအသင်း ပရီမီယာလိဂ်ဖလားဆွတ်ခူးခဲ့ရာတွင် အဓိကနေရာမှ ပါဝင်ခဲ့သူဖြစ်ပြီး ချယ်လ်ဆီးနည်းပြ ကွန်တီက မာတစ် နေရာအစားထိုးနိုင်ရန် ဒရင့်ဝါတာကို အလိုရှိနေခြင်းဖြစ်သည်။

## ဖာဂူဆန်၊ ဗန်ဟားလ်တို့နှင့် မော်ရင်ဟို တွေ့ဆုံ

ဆွစ်ဇာလန်နိုင်ငံ နိုင်ယွန်မြို့တွင် ကျင်းပခဲ့သည့် ယူအီးအက်ဖ်အေထိပ်တန်းနည်းပြများဖိုရမ်တွင် မန်ယူနည်းပြ မော်ရင်ဟိုမှာ ယခင်မန်ယူနည်းပြဟောင်းများဖြစ်သည့် ဖာဂူဆန်၊ ဗန်ဟားလ်တို့နှင့် မျက်နှာချင်းဆိုင်တွေ့ဆုံခွင့်ရခဲ့သည်။ ဖာဂူဆန်နှင့် မော်ရင်ဟိုတို့ကြားရင်းနှီးသည့် ဆက်ဆံရေးရှိသော်လည်း မော်ရင်ဟိုက ဗန်ဟားလ်လက်ထက် ကစားသမားအဝင်အထွက်စာရင်းကို ဝေဖန်ခဲ့ဖူးသည်။ ယင်းဖိုရမ်သို့ အာဆင်နယ်နည်းပြ ဝင်းဂါးနှင့် လီဗာပူးနည်းပြ ဂျာဂန်ကလော့ပ်တို့ တက်ရောက်ခြင်းမရှိခဲ့သော်လည်း ရီးယဲလ်နည်းပြ ဇီဒန်း၊ ဘာစီလိုနာနည်းပြ ဗယ်ဗာဒီတို့လည်း တက်ရောက်ခဲ့သည်ကို တွေ့ရသည်။




# ချိန်ဘာလိန်ကို ပေါင်သန်း ၄၀ ဖြင့် သဘောတူညီချက်ရထားပြီးဖြစ်သော်လည်း လီမာကိုခေါ်ယူရန် လီဗာပူး ကြိုးပမ်းနေပြန်

လီဗာပူးအသင်းက အာဆင်နယ်ကွင်းလယ်လူ ချိန်ဘာလိန်ကို ပေါင်သန်း ၄၀ ဖြင့် ခေါ်ယူရန် သဘောတူညီချက်ရရှိခဲ့ပြီးဖြစ်သော်လည်း မိုနာကို တောင်ပံတိုက်စစ်မှူး သောမတ်စ်လီမာကို ပေါင် ၇၅ သန်းဖြင့် ဆက်လက်ခေါ်ယူရန် ကြိုးပမ်းနေဆဲဖြစ်ကြောင်း သိရသည်။ နည်းပြ ဂျာဂင်ကလော့ပ်က ဆောက်သမ်တန်ကွင်းလယ်လူ ဗန်ဒိုက်ကို ခေါ်ယူမည့်အစီအစဉ်ကို မစွန့်လွှတ်သေးသလို လီမာအတွက်လည်း ပေါင်သန်း ၇၀ ကျော် အသုံးပြုရန် အသင့်ရှိနေခြင်းဖြစ်သည်။ အာဆင်နယ်က လီမာကို ခေါ်ယူရန် နွေဈေးကွက်တစ်ခုလုံး ကြိုးပမ်းခဲ့သော်လည်း ပေါင်သန်း ၅၀ အထက်ပင် အသုံးပြုခြင်းမရှိသည့်အတွက် အပြောင်းအရွှေ့မှာ ဖြစ်မြောက်မလာခဲ့ခြင်းဖြစ်သည်။ သို့သော် အာဆင်နယ်သို့ လီမာ ရောက်၊ မရောက်ဆိုသည်မှာ အာဆင်နယ်မှ ဆန်းချက်ဇ် ထွက်ခွာသွား၊ မသွားဆိုသည့် အခြေအနေပေါ် မူတည်နေဆဲဖြစ်သည်။

လီဗာပူးကလည်း ကွင်းလယ်နှင့် တောင်ပံတိုက်စစ်ပိုင်းတွင် ကစားနိုင်သည့် လီမာကို မြင့်မားသည့် နှုန်းထားတစ်ရပ်ပေးချေခေါ်ယူရန် ကြိုးပမ်းမှုက ကော်တင်ဟိုကို ဆုံးရှုံးနိုင်ဖွယ်ရှိနေဆဲ အနေအထားကြောင့်ဖြစ်သည်။ ဘာစီလိုနာအသင်းက ဒမ်ဘီလီကို ခေါ်ယူနိုင်ခဲ့ပြီးဖြစ်သော်လည်း နောက်ထပ်ကစားသမားနှစ်ဦး (သို့မဟုတ်) သုံးဦးကို ဆက်လက်ခေါ်ယူဦးမည်ဟု အတည်ပြုထားရာ ကော်တင်ဟို ရရှိရေး လက်မလျှော့သေးသည့် အခြေအနေဖြစ်သည်။ ထို့ကြောင့် လီဗာပူးက ကော်တင်ဟိုကို ဆုံးရှုံးပါက လီမာကို အသင့်အစားထိုးနိုင်ရန် ချိတ်ဆက်လာခြင်းဖြစ်သည်။

လီဗာပူးနည်းပြ ဂျာဂင်ကလော့ပ်က ပြီးခဲ့သည့်နှစ် ဘောလုံးရာသီတွင် အစကောင်းခဲ့သော်လည်း ခရစ္စမတ်ပွဲကျပ်ကာလတွင်း ရလဒ်ပိုင်း ယိမ်းယိုင်သွားခဲ့မှုကြောင့် ချန်ပီယံဆုကို လက်လွှတ်ခဲ့ရသည့်အခြေအနေကို သင်ခန်းစာယူပြီး ကစားသမားအင်အားတောင့်တင်းရေးကို ကြိုးပမ်းနေခြင်းဖြစ်သည်။

# ပဲမျိုးစုံဈေးကွက်အလားအလာနှင့် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဩဂုတ် ၃၁**

ပဲမျိုးစုံဈေးကွက်အလားအလာနှင့် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းအကြို ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၃၀ ရက် မွန်းလွဲပိုင်းက နေပြည်တော် ရုံးအမှတ် (၁၅) တွင် ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်က မိမိတို့ဝန်ကြီးဌာနအနေဖြင့် လယ်ယာကဏ္ဍ၏ နည်းပညာဆိုင်ရာ ဦးဆောင်မှုအပိုင်းတွင် တာဝန်ယူထားရသည့်အားလျော်စွာ တာဝန်ရှိသူ အဆင့်ဆင့်တို့က မူဝါဒပိုင်း၊ ဥပဒေနည်းဥပဒေပိုင်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ သိရှိနားလည်ရန်နှင့် တိကျစွာ လိုက်နာဆောင်ရွက်ကြရန် လိုအပ်သည့်နည်းတူ ပြောင်းလဲတိုးတက်လာသော နည်းပညာပိုင်းကို မျက်ခြည်မပြတ်လေ့လာပြီး ဆန်းသစ်တီထွင် လုပ်ကိုင်ကြရန်လိုကြောင်း၊ စာရင်းဇယား ကိန်းဂဏန်း တိကျမှန်ကန်ရန်နှင့် သတင်းအချက်အလက် နည်းပညာကို အကျိုးရှိရှိအသုံးချဆောင်ရွက်ကြရန် အသေးစိတ်ဆွေးနွေးပြောကြားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးသာမက ဈေးကွက်၏ တောင်းဆိုမှုနှင့် ဈေးကွက်လိုအပ်ချက်၊ ဒေသတွင်းနှင့် နိုင်ငံတကာတို့၏ နိုင်ငံရေး၊ စီးပွားရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေအရပ်ရပ်ကိုပါ ထည့်သွင်းတွက်ချက်ပြီး တောင်သူများ၏ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရေးကို မျှော်မှန်းဆောင်ရွက်လျက်ရှိရာ၊ လုပ်ငန်းရှင်များအပိုင်း၊ တောင်သူများအပိုင်းနှင့် သက်ဆိုင်သူများအားလုံးတို့က နည်းပညာရပ်ပိုင်းဆိုင်ရာ လမ်းညွှန်အကြံပြုချက်များနှင့် ဥပဒေနည်းဥပဒေများကို တိကျစွာ လိုက်နာဆောင်ရွက်ကြခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်လိုကြောင်း အမြဲတမ်းအတွင်းဝန်က ထည့်သွင်းပြောကြားခဲ့သည်။

အစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်နှင့်အတူ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲညွှန်ကြားရေးမှူးများ၊ နေပြည်တော်ကောင်စီ ပြည်ထောင်စုနယ်မြေ၊ ဧရာဝတီ၊ ပဲခူး၊ စစ်ကိုင်း၊



ရန်ကုန်၊မကွေး၊ မန္တလေးတိုင်းဒေသကြီးများနှင့် ရှမ်းပြည်နယ်တို့မှ စိုက်ပျိုးရေးဦးစီးဌာနမှူးများ တက်ရောက်ဆွေးနွေးကြသည်။ **(ကြေးမုံ)**

# အရုပ်ပုံဆက်ခြင်း၊ ဉာဏ်စမ်းပုံရှေးခြင်း၊ စာဖတ်ဝိုင်းများ ပြုလုပ်ခြင်းတို့ဆောင်ရွက်

**မြင်းခြံ ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျောင်းသား ကျောင်းသူများ လာရောက်၍ အရုပ်ဆက်ခြင်း၊ ဉာဏ်စမ်းပုံရှေးခြင်း၊ စာဖတ်ဝိုင်းများ ပြုလုပ်ခြင်းတို့ကို ဩဂုတ် ၃၀ ရက် မွန်းလွဲ ၂ နာရီက ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာစရာများကို ဆောင်ရွက်ပေးထားသဖြင့် မြင်းခြံမြို့ အမှတ် (၂) အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ) မှ ကျောင်းအုပ်ဆရာကြီး ဦးမင်းသိန်း ဦးဆောင်၍ ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ လာရောက်လေ့လာရာ မြို့နယ်ဦးစီးမှူး ဦးဇော်မင်းက စာပေရေချမ်းစင် ဇာတ်လမ်းတွဲအား ပြသရှင်းလင်းခြင်း၊ စာဖတ်ဝိုင်းများ ပြုလုပ်ပေးခြင်း၊ စာကြည့်တိုက်မှူး ဒေါ်တင်တင်ဝင်းက အရုပ်ဆက်ကစားခြင်း၊ ဉာဏ်စမ်းပုံရွေးခြင်း၊ စာကြည့်တိုက်မှ ငှားရမ်းပေးနေသောစာအုပ်၊ စာစောင်များအကြောင်းနှင့် အသင်းဝင်ကတ်ပြုလုပ်၍ စာအုပ်ငှားရမ်းနိုင်ကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ လာရောက်လေ့လာသည့် အမှတ် (၂) အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)မှ ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းသား၊ ကျောင်းသူများကို ကလေးသူငယ်ဆိုင်ရာ လက်ကမ်းစာစောင်များ၊ ချိုချဉ်များဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝေငှခဲ့ကြောင်း သိရသည်။ **ဇော်မင်းနိုင် (မြင်းခြံ)**

# မြစိမ်းရောင်စီမံခန့်ခွဲမှုဆိုင်ရာနှင့် ငွေစာရင်းထိန်းသိမ်းခြင်းသင်တန်းဖွင့်လှစ်

**ပုလဲ ဩဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ ပုလဲရတနာခန်းမ၌ ဩဂုတ် ၃၀ ရက် နံနက် ၁၀ နာရီက မြစိမ်းရောင်ကျေးရွာအဆင့် စီမံခန့်ခွဲမှုဆိုင်ရာနှင့် ငွေစာရင်းထိန်းသိမ်းခြင်းသင်တန်းဖွင့်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းက အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးအောင်က "၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် ပုပ္ပား၊ ကမ္ဘာရပ်၊ ကံကြီး၊ ကုန်းရွာနှင့် နွားကူးကျေးရွာတို့၌ လုပ်ငန်းများ အကောင်အထည်ဆောင်ရွက်မှာဖြစ်တာကြောင့် မြစိမ်းရောင်ကျေးရွာအဆင့် စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ငွေစာရင်းထိန်းသိမ်းခြင်းလုပ်ငန်းတွေကို စနစ်တကျဆောင်ရွက်နိုင် ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်တွေအတွက် သင်တန်းဖွင့်လှစ်ပေးရခြင်း ဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါသင်တန်းသို့ ပုလဲမြို့နယ်အတွင်းရှိ မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာငါးရွာမှ ကျေးရွာမြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင် ၃၅ ဦး တက်ရောက်ခဲ့ပြီး ယင်းမာပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးသက်က မြစိမ်းရောင်စီမံကိန်းဆိုင်ရာ ငွေစာရင်းထိန်းသိမ်းနည်း ဘာသာရပ်ကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဦးကျော့မောင်မောင်က မြစိမ်းရောင်စီမံခန့်ခွဲမှုနှင့် လုပ်ငန်းတာဝန်များ ဘာသာရပ်ကိုလည်းကောင်း စာတွေ့၊ လက်တွေ့ သင်ကြားပို့ချကြောင်း သိရသည်။ **မင်းခန့်စိုး(ဓေယျာမြေ)**

# မဟာဓာတ်အားလိုင်းနှင့်(၁၀)မိုင်ခန့်ဝေးသည့်ကျေးရွာများအား တစ်အိမ်သုံးဆိုလာစနစ်တပ်ဆင်ပေးရန်ဆောင်ရွက်

**ဒီပဲယင်း ဩဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မဟာဓာတ်အားလိုင်းနှင့် (၁၀) မိုင်ခန့်ဝေးသည့် ကျေးရွာများအား ကျေးလက်မီးလင်းရေးအတွက် NEP စီမံကိန်း ICB-2 အတွက် တစ်အိမ်သုံးဆိုလာစနစ် တပ်ဆင်အသုံးပြုရန် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဩဂုတ် ၃၀ ရက်က အင်ကြင်းသပိုးကျေးရွာနှင့် အောင်စည်မြေကျေးရွာများသို့ သွားရောက်ပြီး ကျေးရွာမီးလင်းရေး ဆောင်ရွက်မည့်လုပ်ငန်းကို ကျေးရွာပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါတပ်ဆင်မှုနှင့် ပတ်သက်၍ NEP စီမံကိန်း ICB-2 တစ်အိမ်သုံး ဆိုလာစနစ် (60W) တပ်ဆင်မည်ဆိုပါက ပြည်သူထည့်ဝင်ငွေကျပ် ငါးသောင်း၊ ဆိုလာစနစ် (100W) တပ်ဆင်မည်ဆိုပါက ပြည်သူထည့်ဝင်ငွေကျပ် ၁၅၀၀၀၀ ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အဆိုပါ NEP စီမံကိန်း ICB-2 ကျေးလက်မီးလင်းရေးလုပ်ငန်းက ကျေးရွာအတွင်း အများပြည်သူနှင့်သက်ဆိုင်သော စာသင်ကျောင်း၊ ကျန်းမာရေးအဆောက်အအုံ၊ ဘာသာရေးအဆောက်အအုံနှင့် လမ်းမီးတိုင်များကို အခမဲ့တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်လင်း(ပြန်/ဆက်)**

# တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲကျင်းပ



**မင်းဘူး ဩဂုတ် ၃၁**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မန်းရေနံမြေ၊ မကွေးတိုင်းဒေသကြီး၊ အသေးစား စက်မှုလက်မှုလုပ်ငန်းနှင့် MPRL E&P Pte Ltd ( CSR - အစီအစဉ်) တို့ ပူးပေါင်းကာ မန်းရေနံမြေနှင့် ထိစပ်ကျေးရွာများမှ ဒေသခံပြည်သူများအား ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ကြစေရန်ရည်ရွယ်၍ ဖွင့်လှစ်သော တန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲအခမ်းအနားကို မန်းရေနံမြေလုပ်ငန်းခွင် သင်တန်းကျောင်းခန်းမ၌ ဩဂုတ် ၃၀ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်က သင်တန်းဆင်းအမှာစကားပြောကြားပြီး မန်းရေနံမြေအထွေထွေမန်နေဂျာ ဦးရဲနိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းတင်က သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ကာ သက်ဆိုင်ရာတာဝန်ရှိသူတို့က သင်တန်းနည်းပြဆရာမများအား အမှတ်တရလက်ဆောင်များပေးအပ်သည်။

အဆိုပါသင်တန်းတွင် ဖျော်ရည်ခုနစ်မျိုး၊ ဆော့နှစ်မျိုး၊ ယိုငါးမျိုးပြုလုပ်နည်းများကို သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်ပြီး သင်တန်းကာလမှာ ဩဂုတ် ၂၄ ရက်မှ ၃၀ ရက်ထိဖြစ်ကာ မန်းရေနံမြေနှင့် ထိစပ်ကျေးရွာ ၁၆ ရွာမှ သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဖိုးပြည့်(မင်းဘူး)**

# မုံရွာတက္ကသိုလ် ကာယဗလနှင့်ကာယကြံ့ခိုင်မှုအလှမယ်ပြိုင်ပွဲကျင်းပ

**မုံရွာ ဩဂုတ် ၃၁**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် မုံရွာတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အလှမယ်ရွေးချယ်ပွဲကို ဩဂုတ် ၂၉ ရက် မွန်းတည့် ၁၂ နာရီက မုံရွာတက္ကသိုလ်ဝင်းအတွင်းရှိ အဆောင် (ဘီ) ၌ ကျင်းပရာ မုံရွာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းနိုင် တက်ရောက်အမှာစကားပြောကြားပြီး ပြိုင်ပွဲအား ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

၂၀၁၈ ခုနှစ်တွင် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲကို ပညာရေးဝန်ကြီးဌာနမှကြီးမှူးပြီး မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ရာ အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူတွေ ပါဝင်ယှဉ်ပြိုင်ကြသည့်အခါ ကာယဗလမောင်၊ ကာယကြံ့ခိုင်မှုအလှမယ် ပြိုင်ပွဲကြီးတွင် မုံရွာတက္ကသိုလ် ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများပေါ်ထွက်လာရန် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"တက္ကသိုလ်မှာတော့ ဒီပြိုင်ပွဲဟာ အားကစားနဲ့ ပညာရေးပေါင်းစပ်ကော်မတီဆိုပြီးတော့ နှစ်စဉ် ကျောင်းသား ကျောင်းသူတွေအတွက် ကျင်းပပေးပါတယ်။ ဒီပြိုင်ပွဲကတော့ တက္ကသိုလ်အဆင့်ပေါ့။ တက္ကသိုလ်အဆင့်ကနေ အထက်မြန်မာပြည်ဇုန်ပြိုင်ပွဲတွေကို တက်ပါတယ်။ အဲဒီကနေ နိုင်ငံတော်အဆင့်ထိအောင် ဝင်ရောက်ယှဉ်ပြိုင်နိုင်တဲ့ အားကစားသမားတွေ ပေါ်လာအောင် ဖော်ထုတ်ဖို့ရန်အတွက် ရည်ရွယ်ပြီး ဒီပြိုင်ပွဲကို ကျင်းပပေးတာပါ"ဟု ကာယဗလနှင့် ကာယကြံ့ခိုင်မှုအလှမယ်ပြိုင်ပွဲမှာ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတကာဆက်ဆံရေး ပညာဌာနမှ ပါမောက္ခဌာနမှူးဒေါက်တာဝင်းမင်းအေးက ပြောသည်။



ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မှုနှင့်ပတ်သက်ပြီး "မေဂျာအလိုက်ပြိုင်ပွဲလည်းဖြစ်တယ်။ ကိုယ့်မေဂျာအတွက် ယှဉ်ပြိုင်ပေးတာပါ၊ ပါဝင်ယှဉ်ပြိုင်နိုင်ဖို့အတွက် ခန္ဓာကိုယ်ကျစ်ကျစ်လျစ်လျစ်ဖြစ်အောင် လေ့ကျင့်ရပါတယ်။ လေ့ကျင့်ခန်းတွေလုပ်ဖြစ်တဲ့အတွက် အမောခံနိုင်တယ်။ သွက်သွက်လက်လက်လှုပ်ရှားနိုင်တယ်။ ကိုယ့်ကိုယ်ကိုယ် ပိုပြီးယုံကြည့်မှုရှိတဲ့အတွက် လူငယ်ဘဝကိုပိုပြီး ဖြတ်သန်းနိုင်တယ်။ ညီမအနေနဲ့ အမြင့်ဆုံးဆုကို မျှော်မှန်းထားတဲ့အတွက် အကောင်းဆုံး ယှဉ်ပြိုင်သွားမှာပါ" ဟု တတိယနှစ်မြန်မာစာမှ မအေးမြမြထွန်းက ပြောသည်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ် မုံရွာတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အလှမယ်ရွေးချယ်ပွဲတွင် ဘာသာရပ်ပေါင်းစုံမှ ကာယဗလမောင် ၂၁ ဦး၊ ကာယကြံ့ခိုင်မှုအလှမယ် အကြီးတန်း ၁၂ ဦး၊ အငယ်တန်း ၁၃ ဦး စုစုပေါင်း ၄၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်းနှင့် ပြိုင်ပွဲသို့ မုံရွာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းနိုင်နှင့် ဒုတိယပါမောက္ခချုပ်များ ပါမောက္ခ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဓေယျာတိုင်း)**

## တာချီလိတ်ခရိုင်ပြည်သူ့ဆေးရုံ၌ ရေသန့်စက်ဝယ်ယူရန် ငွေကျပ်သိန်း(၁၀၀)နှင့် ငွေကျပ်(၇၅)သိန်းကျော်တန်ဖိုးရှိ ထိုင်ခုံရှည် အလုံး(၈၀)လှူဒါန်း

**တာချီလိတ် ဩဂုတ် ၃၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင်ပြည်သူ့ဆေးရုံတွင် စေတနာရှင်အလှူရှင်များက ကျောက်ကပ်ဆေးစက်ဝယ်ယူတပ်ဆင်နိုင်ရေး အလှူငွေများ လှူဒါန်းထားပြီးဖြစ်ရာ ယခုအခါ အဆိုပါ ကျောက်ကပ်ဆေးစက်တပ်ဆင်ရန် လိုအပ်သော R.O ရေသန့်စက်ဝယ်ယူရန် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီခွဲက ခရိုင်ပြည်သူ့ဆေးရုံ ခန်းမဆောင်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာဇင်ကိုကိုအောင်က ဆေးရုံနှင့်ပတ်သက်သည့်အချက်အလက်များ၊ ကျောက်ကပ်ဆေးစက်ဝယ်ယူမှု၊ ယင်းစက်တပ်ဆင်ရာတွင် လိုအပ်မည့် ရေသန့်စက်ဝယ်ယူရရှိနိုင်သည့် အစီအစဉ်များ၊ ဒေသနေပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုရရှိမည့် အခြေအနေများနှင့် လှူဒါန်းပေးသည့် အလှူရှင်များအား ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် မြို့မိ မြို့ဖ၊ ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်က ယခင်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီတွင်ပါဝင်သည့် ကော်မတီဝင်များက စုဆောင်းထားခဲ့သည့် ကျန်ရှိရန်ပုံငွေများဖြင့် မြို့နယ်အတွင်း ပြည်သူများ၏အကျိုးဖြစ်ထွန်းသည့် နေရာတွင်သုံးစွဲရန် သဘောတူညီမှုဖြင့် အလှူငွေများအား လှူဒါန်းခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောက်ကပ်ဆေးစက်တပ်ဆင်ရန် လိုအပ်သော ရေသန့်စက်ဝယ်ယူရန် မြို့မိမြို့ဖများက အလှူငွေကျပ်သိန်း ၁၀၀၊ လူနာစောင့်များ နားနေရန် ငွေတောင်မင်းကုမ္ပဏီက ငွေကျပ် ၃၇၆၀၀၀၀ တန်ဖိုးရှိ ထိုင်ခုံရှည်အလုံး ၄၀၊ မြင့်ဦးအောင်ကုမ္ပဏီက ငွေကျပ် ၃၇၆၀၀၀၀ တန်ဖိုးရှိ ထိုင်ခုံရှည်အလုံး ၄၀နှင့် ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီအား ကယ်ဆယ်ရေးလှေဝယ်ယူရန် အလှူငွေကျပ် ခြောက်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## သရက်မြို့နယ်အတွင်းရှိ ရေဘေးရှောင်ပြည်သူများအား ထောက်ပံ့လှူဒါန်း

**သရက် ဩဂုတ် ၃၁**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် UPG အိမ်သုတ်ဆေးကုမ္ပဏီက သရက်မြို့နယ်အတွင်းရှိ ရေဘေးရှောင်ပြည်သူများအား ငွေနှင့်လူသုံးကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို ဩဂုတ် ၂၉ ရက် ညနေ ၄ နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး UPG အိမ်သုတ်ဆေးကုမ္ပဏီ စီမံမန်နေဂျာ ဒေါ်မူမူမြင့်က အိမ်ထောင်စု ၄၆၅ စုအတွက် ငွေနှင့်ပစ္စည်းတန်ဖိုး စုစုပေါင်း ငွေကျပ် ၁၉၅၃၀၀၀၀ ကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက်အလှူရှင်မိသားစုများက ရေပေါ်ကျွန်းကျေးရွာနှင့် တောင်မင်းတည်းရပ်ကွက်များမှ ရေဘေးရှောင်ပြည်သူများ ပြောင်းရွှေ့နေထိုင်သည့် ရတနာမာရ်အောင်ဘုရားနှင့် စမုတ်ကျောင်းနေရာတို့သို့ သွားရောက်၍ ရေဘေးရှောင်ပြည်သူများအား လက်ဝယ်အရောက် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## အသက်(၂၀)နှစ်အောက်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**မြစ်ကြီးနား ဩဂုတ် ၃၁**

၂၀၁၇ ခုနှစ် မြစ်ကြီးနားမြို့နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ အသက်(၂၀)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဩဂုတ် ၃၀ ရက် ညနေ ၄ နာရီက မြစ်ကြီးနားမြို့ ဇရာရပ်ကွက်ရှိ ပြည်နယ်ဘောလုံးအားကစားကွင်းအတွင်း၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဒိန်ခန်ဖုန်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခေါင်လန်ဒီး၊ မြစ်ကြီးနားမြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန်းဝင်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အာကစားဝါသနာရှင်များ၊ ဒေသခံပြည်သူများ အင်အား ၁၀၀၀ ကျော် တက်ရောက်အားပေးကြည့်ရှုကြသည်။

ဗိုလ်လုပွဲတွင် တပ်ကုန်းရပ်ကွက်ဘောလုံးအသင်းနှင့် ယုဇနရပ်ကွက်ဘောလုံးအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ တပ်ကုန်းရပ်ကွက်အသင်းက ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့ပြီး ဆုချီးမြှင့်ပွဲအား ဆက်လက်ကျင်းပရာ ကချင်ပြည်နယ် လူမှုရေးဝန်ကြီးက အနိုင်ရဗိုလ်စွဲသည့် တပ်ကုန်းရပ်ကွက်အသင်းအား တံခွန်စိုက်ဆုဖလားနှင့် တာဝန်ရှိသူများက ငွေကျပ် ၁၀ သိန်းနှင့် ဆုတံဆိပ်များအား ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ဒုတိယဆုရရှိသည့် ယုဇနရပ်ကွက်အသင်းအား ငွေကျပ် ခုနစ်သိန်းနှင့် ဆုတံဆိပ်များအားလည်းကောင်း၊ တတိယဆုရရှိသည့် ဒူကထောင်ရပ်ကွက်ဘောလုံးအသင်းအား ငွေကျပ် ငါးသိန်းနှင့် အသန့်ရှင်းဆုံးဆုရ စီတာပူရပ်ကွက်အသင်းအား ငွေကျပ်နှစ်သိန်းနှင့်ဆုဖလားများအသီးသီးပေးအပ်ချီးမြှင့်ကာ မြို့နယ်အဆင့် ဌာနဆိုင်ရာများက နေရာအလိုက် အကောင်းဆုံးအားကစားဆုများနှင့် ဘောလုံးပွဲဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပြီး အဆိုပါဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၀ ရက်မှစတင်၍ ပြိုင်ပွဲဝင်အသင်း ၂၉ သင်းဖြင့် ကျင်းပခဲ့ကြောင်းသိရသည်။

**ဦးလေးကြီး**

## မော်တော်ယာဉ် အချက်ပြမီးများ အသုံးပြုရန် ပညာပေးဆွေးနွေး

**ကျောက်ထု ဩဂုတ် ၃၁**

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များ မဖြစ်ပွားရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာဆောင်ရွက်နိုင်ရန် မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်၊ ကျောက်ထုမြို့နယ်မြေရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ခင်မောင်ရွှေ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဂန့်ဂေါခရိုင် ကျောက်ထုမြို့၌ ပြည်ထောင်စုလမ်းမကြီးနှင့် နဝရတ်လမ်းဆုံဂိတ်တွင် အဆိုပါလမ်းပိုင်း၌ မောင်းနှင်သည့် ယာဉ်မောင်းများနှင့် ဩဂုတ် ၃၀ ရက်က တွေ့ဆုံကာ အသိပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

"မြို့တွင်း ကားဂိတ်လမ်းဆုံဟာ ပခုက္ကူ- ပေါက်- ကျောက်ထု- ဂန့်ဂေါ-ဆော-ကန်ပက်လက်- မင်းတပ်နှင့် မတူပီမြို့များအတွက် သွားရောက်ရာ ကားလမ်းဆုံဖြစ်ပါတယ်။ ဒီကာလမှာ ယာဉ်ရော၊ လူပါ များပြားလာတဲ့အတွက် ယာဉ်အန္တရာယ်ကြောင့် ထိခိုက်မှုတွေ မဖြစ်ရလေအောင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စိစစ်ခြင်း၊ အသိပညာပေးခြင်း၊ ဆွေးနွေးခြင်းတို့ ဆောင်ရွက်တာဖြစ်ပါတယ်"ဟု နယ်မြေစခန်းမှူး ရဲအုပ်ခင်မောင်ရွှေက ပြောသည်။

အဆိုပါနေ့တွင် ပူးပေါင်းအဖွဲ့သည် အဖွဲ့ သုံးဖွဲ့ခွဲကာ ယာဉ်မီးအချက်ပြမှုမှန်ကန်စေရေးကို စိစစ်ဆွေးနွေးပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြကြောင်း သိရသည်။



**(၄၆၅)**

## အသံထိန်းချုပ်မှုဖြင့် စေခိုင်းနိုင်သော Samsung ရေခဲသေတ္တာများ

ဥရောပဈေးကွက်တွင် စတင်အကောင်အထည်ဖော်တော့မည်ဖြစ်သည့် Samsung ၏ စမတ်ရေခဲသေတ္တာများကို ထုတ်ဖော်ကြေညာလိုက်သည်။ Family Hub ဟုမည်ရသော ရေခဲသေတ္တာနှင့် အဝတ်လျှော်စက်များတွင် ဘာသာစကားအသုံးပြုမှုစနစ်အား စတင်ထုတ်လုပ်သည့် ကာလကပင်ထည့်သွင်းပေးထားသည်ဟုသိရသည်။

အဆိုပါရေခဲသေတ္တာကို အခြားမိုဘိုင်းများနှင့် ချိတ်ဆက်အသုံးပြုနိုင်ရန် ဖန်တီးသွားမည်ဖြစ်ပြီး ကျန်းမာရေးဆိုင်ရာ အချက်အလက်များနှင့် အခြားအချက်အလက်များကို အထောက်အကူပြုနိုင်ရန် ထည့်သွင်းပေးသွားမည်ဟုသိရသည်။ ဘာသာစကားလေးမျိုးကို ထပ်မံထည့်သွင်းပေးသွားမည်ဖြစ်ပြီး အပူအအေးချိန်ညှိမှုစနစ်ကို အသံဖြင့် စေခိုင်းနိုင်စေရန်နှင့် အခြားလုပ်ဆောင်မှုများလည်း ပါဝင်နိုင်မည်ဖြစ်သည်။

အတွင်းပိုင်းတွင် ကင်မရာတပ်ဆင်ထားပေးကာ ယခင်ကဲ့သို့ရေခဲသေတ္တာများကို ဖွင့်ကြည့်စရာမလိုဘဲ လိုအပ်သည်များကို စမတ်ဖုန်းမှတစ်ဆင့်ကြည့်ရှုနိုင်ပြီး ထိန်းချုပ်စနစ် ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။ နည်းပညာအဆင့်အတန်းများ တိုးတက်လာသည့် အလျောက် လူသုံးကုန်ပစ္စည်းများတွင် စမတ်နည်းပညာများထည့်သွင်းလာသည့်ကာလအဖြစ်သို့ ရောက်ရှိလာနေရာ ၎င်းရေခဲသေတ္တာများ၏အပြင်ဘက်တွင် ထိတွေ့မျက်နှာပြင်နှင့် လုံခြုံရေး ဆိုင်ရာ ထိန်းချုပ်ပြုပြင်နိုင်သည့် လုပ်ဆောင်ချက်များထည့်သွင်းပေးသွားမည်ဖြစ်သည်ဟု သိရသည်။

ALEX



## ဒီဇိုင်းပိုင်းဆန်းသစ်သော Blackview စမတ်ဖုန်းကို ဈေးနှုန်းလျှော့ချ



အာရှစမတ်ဖုန်း ဈေးကွက်အတွင်းသို့ မကြာသေးမီကမှ ဝင်ရောက်လာသော Blackview အမှတ်တံဆိပ် စမတ်ဖုန်းသစ်တစ်မျိုးကို စတင်ရောင်းချစဉ် ကာလထက် ဈေးနှုန်းလျှော့ချပေးခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံအခြေစိုက်ဖြစ်သော အဆိုပါအမှတ်တံဆိပ်စမတ်ဖုန်းလုပ်ငန်းသည် ၎င်းတို့၏ BV 8000 အမျိုးအစား အနက်ရောက်စမတ်ဖုန်းသစ်ကို ယခင် ရောင်းချသည့် အမေရိကန်ဒေါ်လာ ၂၈၀ မှ ၂၃၅ ဒေါ်လာဝန်းကျင်အထိ လျှော့ချခဲ့သည်။

ဒီဇိုင်းပိုင်းတွင် အခြားစမတ်ဖုန်းများနှင့်မတူကွဲပြားပြီး Qcta-Core MediaTek Helio P20 MT6757 ပရိုဆက်ဆာပါဝင်ကာ လည်ပတ်မှု Android 7.0 စနစ်ထည့်သွင်းပေးထားသည်။ မျက်နှာပြင် ၅ လက်မအကျယ်ရှိပြီး ဖုန်းကိုယ်ထည်ကို ကာကွယ်မှုမြင့်မားစေရန် ဖန်တီးထားကာ အကြမ်းခံနိုင်သောစမတ်ဖုန်းအမျိုးအစားဖြစ်သည်။ RAM 6GB ပါဝင်ပြီး သိုလှောင်သိမ်းဆည်းမှုအတွက် 64 GB နှင့် Micro SD 128 GB ကိုထပ်မံ ထည့်သွင်းအသုံးပြုနိုင်သည်။ ကျောဘက်ကင်မရာ 16 MP နှင့် အရှေ့ဘက်ကင်မရာ 8 MP တပ်ဆင်ပေးထားကာ အရှေ့ဘက်တွင် လက်ဗွေဖတ်စနစ်ကိုလည်း ထည့်သွင်းပေးထားသည်။ 4180 mAh ပိုလီမာ ဘက်ထရီတပ်ဆင်ပေးထားကာ မကြာမီကာလများတွင် စမတ်ဖုန်းဈေးကွက်အတွင်း ထိုးဖောက်လာနိုင်သော နည်းပညာမြင့်စမတ်ဖုန်းတစ်မျိုး ဖြစ်လာဖွယ်ရှိသည်။

ALEX



# မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များ ကျိုက်ထီးရိုးတောင်ပေါ်မှ ဈေးသူဈေးသားများနှင့်တွေ့ဆုံ

**ကျိုက်ထို ဩဂုတ် ၃၁**

မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့်လွှတ်တော်ကိုယ်စားလှယ်များ ကျိုက်ထီးရိုးတောင်ပေါ်မှ ဈေးသူဈေးသားများနှင့်တွေ့ဆုံပွဲကို ဩဂုတ် ၃၀ ရက် မွန်းလွဲ ၂ နာရီက ကျိုက်ထိုမြို့နယ် သာသနာ့ဗိမာန်၌ ပြုလုပ်ခဲ့သည်။

မွန်ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာအေးစံက မွန်ပြည်နယ်တွင်ကျော်ကြားသည့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကို ၂၀၁၆-၂၀၁၇ ခုနှစ် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရာအနယ်နယ်အရပ်ရပ်မှလာရောက်ဖူးမြော်သူ ဦးရေ ၂၅ သိန်းခန့်ရှိပြီး နိုင်ငံရပ်ခြားမှလာရောက်ကြည်ညိုသူ ၁၅၀၀၀၀ ခန့်ရှိ၍ မိမိတို့နိုင်ငံမိမိတို့ တိုင်းပြည်ဂုဏ်သိက္ခာမကျဆင်းစေရန် ဈေးသူဈေးသားများမှာတာဝန်ရှိကြောင်း၊ ကိုယ်အမူအရာ နှုတ်အမူအရာဖြင့်မေတ္တာထား၍လုပ်ကိုင်ရန်လိုကြောင်း၊ အချို့ဆိုင်များတွင်တောတွင်းတိရစ္ဆာန်များကိုသတ်ဖြတ်၍ အသွေးအသားများကိုရောင်းချ၍စီးပွားရှာမှုအပေါ် လုံးဝခွင့်ပြုမည်မဟုတ်ကြောင်း၊ လာမည့်ဗုဒ္ဓပူဇနီယပွဲတော်တွင် ကေဘယ်ကားပြေးဆွဲမည်ဖြစ်၍ ရသေ့တောင်တွင်ဘုရားဖူး ဧည့်သည်များပြားလာမည့်အတွက် သန့်စင်ခန်းများကိုစနစ် တကျတည်ဆောက်ထားရှိရန်လိုကြောင်း၊ ရေနှင့်မီးအသုံးပြုရာတွင်လည်း ပြည်သူတစ်ဦးအနေဖြင့် ကျသင့်သည့်အခွန်ကိုထမ်းဆောင်ဖို့လိုကြောင်း၊ သဘာဝပတ်ဝန်းကျင်ဇီဝမျိုးမပျောက်ပျက်စေရန် သစ်ပင်ဝါးပင်များကို ထိန်းသိမ်းသွားရန်လိုကြောင်း မှာကြားခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ဆောင်က ကျိုက်ထီးရိုးတောင်ပေါ် ဈေးသူဈေးသားများအနေဖြင့် ယခင်နှစ်လေလံဆွဲခဲ့သည့်အတိုင်း ပြန်လည်ချထားပေးမည်ဖြစ်ပြီး ဂေါပကအနေဖြင့် စည်းမျဉ်းစည်းကမ်းအတိုင်း တိတိကျကျဆောင်ရွက်သွားမည်ဖြစ်၍ ပုံကျဈေးသည်များ မရောင်းချရန်နှင့် ရောင်းချပါကအရေးယူသွားမည်ဖြစ်ကြောင်း ဥပဒေအရရောင်းချသင့်သည့်ပစ္စည်းများကိုသာ ခွင့်ပြုမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်သန်းက မိမိတို့ဂေါပကအနေဖြင့် လက်ရှိလုပ်ကိုင်နေသူများအနေဖြင့် သတ်မှတ်ထားသည့်ဘောင်အတွင်းမှ လေလံရရှိရန် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့လုပ်ကိုင်ခဲ့သည့်လုပ်ငန်းများမရရှိလျှင် အလုပ်အကိုင်အခွင့်အလမ်းဆုံးရှုံးမည်ဖြစ်ကြောင်း၊ ဂေါပကအနေဖြင့် ယခင်နှစ်က အားနည်းချက်များအပေါ် အားသာချက်ဖြစ်လာစေရန် တိကျခိုင်မာစွာဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

မြို့မိမြို့ဖ ဦးဝိတင်၊ကျိုက်ထီးရိုးဈေးသူဈေးသားများနာယက ဦးနေထက်သိန်းနိုင်၊ ဈေးကော်မတီအဖွဲ့ဝင် ဦးလွန်းတင်တို့က ဆံတော်ရှင်ကျိုက်ထီးရိုး ဘုရားဂုဏ်ရှိန်မြင့်မားပြီး တောင်တော်ပတ်ဝန်းကျင်လှပသန့်ရှင်း၍ လာရောက်ဖူးမြော်သူဘုရားဖူးများစိတ်ချမ်းသာစေရန် ဈေးသူဈေးသားများနှင့်ပူးပေါင်း၍ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဝင်းမောင်(ကျိုက်ထို)**

# ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး အထည်ချုပ်စက်ရုံတည်ဆောက်နိုင်ရန် လာရောက်တွေ့ဆုံ

**ပဲခူး ဩဂုတ် ၃၁**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဝန်ကြီးချုပ် ဧည့်ခန်းမ၌ ဩဂုတ် ၃၀ ရက် နံနက် ၁၀ နာရီခွဲက ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရေး တရုတ်နိုင်ငံအခြေစိုက် Nann Yar Co., Ltd ၏ မန်နေးဂျင်းဒါရိုက်တာ ဒေါ်သက်သက်မွန်ဦးဆောင်သောအဖွဲ့က လာရောက်တွေ့ဆုံခဲ့သည်။

ရှေးဦးစွာ ဒေါ်သက်သက်မွန်က မိမိတို့ကုမ္ပဏီသည် ယခင် ၂၀၀၃ ခုနှစ် ကတည်းက မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံခဲ့သော်လည်း စီးပွားရေးပြောင်းလဲမှုများကြောင့် အခြားပြည်ပနိုင်ငံများသို့ သွားရောက်ရင်းနှီးမြှုပ်နှံခဲ့ရပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတွင် ဒီမိုကရေစီနိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ နိုင်ငံတကာမှ စီးပွားရေးဖိအားပေးခြင်းများမရှိတော့သဖြင့် ဒုတိယအကြိမ် မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံရခြင်းဖြစ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မည်သည့်မြို့နယ်၌မဆို ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုရင်းနှီးမြှုပ်နှံမှုသည် မိမိတို့ကုမ္ပဏီအနေဖြင့် အကြီးမားဆုံးအထည်ချုပ်စက်ရုံများ တည်ထောင်ဆောင်ရွက်သွားမည်ဖြစ်ပြီး မြေဧရိယာ (၁၀၀/၁၅၀) ဧကခန့် လိုအပ်မည်ဖြစ်ပါကြောင်း၊ စက်ရုံ၌ ဒေသခံပြည်သူ ၁၂၀၀၀ အား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးသွားနိုင်မည်ဖြစ်ပြီး စက်ရုံလုပ်သားများအတွက် သင်တန်းများလည်း ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြဆွေးနွေးခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးသည် နောင်အနာဂတ်တွင် စီးပွားရေးအရ အလွန်အရေးပါလာမည်ဖြစ်ပြီး ပဲခူးဒေသနှင့်စပ်ဆက်နေသည့် မြို့နယ်များကလည်း ပဲခူးဒေသကို အမှီပြု၍ အခြားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည်ဖြစ်ကြောင်း၊ ယခုအချိန်ကတည်းက ပဲခူးဒေသပတ်ဝန်းကျင် မြို့နယ်များတွင် စီးပွားရေးလုပ်ငန်းများ အခြေချလုပ်ကိုင်ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးသွားရမည်ဖြစ်ကြောင်း၊ သီလဝါဆိပ်ကမ်းသို့ တိုက်ရိုက်ဆက်သွယ်မည့် လမ်းမကြီးများ ဖောက်လုပ်မည့် ကဝမြို့နယ်ပတ်ဝန်းကျင်၌ စက်ရုံတည်ဆောက်မည်ဆိုပါက အဆင်ပြေနိုင်မည်ဖြစ်ပြီး လိုအပ်သည့် လျှပ်စစ်ဓာတ်အားရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် မိမိတို့အစိုးရအဖွဲ့မှကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ဝန်ကြီးချုပ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများ တက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# စစ်တောင်းအရှေ့ဘက်ကမ်းဒေသ ဝွေးသဲချောင်းကူးတံတား ကျိုးကျပျက်စီး၍ဒေသခံများသွားလာရေးအခက်အခဲဖြစ်

**ရေတာရှည် ဩဂုတ် ၃၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ယခုရက်ပိုင်းအတွင်း အဆက်မပြတ် ရွာသွန်းခဲ့သောမိုးကြောင့် တောင်ကျရေတိုက်စားခဲ့ပြီး ဩဂုတ် ၂၈ ရက် ည ၁၀ နာရီခန့်က စစ်တောင်းမြစ်အရှေ့ဘက်ကမ်းဒေသ ကြာအင်းကုန်းကျေးရွာအုပ်စု၊ ထန်းပင်ကုန်းကျေးရွာအနီး အရှည် ၁၅ ပေ၊ အကျယ် ၂၄ ပေရှိ ဝွေးသဲချောင်းဖြတ် ကွန်ကရစ်အုတ်ခံ သစ်သားတံတား ကျိုးကျပျက်စီးသွားခဲ့၍ ဒေသခံပြည်သူများအနေဖြင့် ခရီးသွားလာရေးအခက်အခဲဖြစ်ပေါ်လျက်ရှိကြောင်းသိရသည်။

အဆိုပါတံတားသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် လွှတ်တော်ရန်ပုံငွေ၊ ဒေသခံများ၏စုပေါင်းထည့်ဝင်ငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဆည်တော်၊ ထန်းပင်ကုန်း၊ ကြာအင်းကုန်း အစရှိသည့်ကျေးရွာများအား ထားသွားလာရသည့် တံတားတစ်စင်းဖြစ်ကာ တံတားကျိုးပျက်သွားသည့်အတွက် ခရီးသွားလာသူများ အခက်အခဲဖြစ်ပေါ်လျက်ရှိကြောင်း ကြာအင်းကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးသောင်းက ပြောကြားသည်။

တံတားကျိုးကျသည့်နေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးရန်နိုင်ညွန့်နှင့် တာဝန်ရှိသူများကကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ပြီး လတ်တလောဆိုင်ကယ်နှင့် လူများသွားလာနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ရပ်ရွာအခြေပြုအဖွဲ့များအတွက် အထောက်အကူပစ္စည်းများပေးအပ်

**မရမ်းကုန်း ဩဂုတ် ၃၁**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၅၀ အား မရမ်းကုန်းမြို့နယ်အတွင်းရှိ community based policing ဆောင်ရွက်နေသောရပ်ရွာ အခြေပြုအဖွဲ့များအတွက် အထောက်အကူပစ္စည်းများပေးအပ်ပွဲ အခမ်းအနားကို ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ်(၅) ရပ်ကွက် မရမ်းကုန်းမြို့နယ် ရဲစခန်း၌ ဩဂုတ် ၃၀ ရက် ည ၈ နာရီက ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်အမှတ်(၁) ဦးရန်ရှင်းက ရပ်ကွက်အခြေပြုအဖွဲ့များအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ရသည့် အကြောင်းအားအဖွင့်အမှာစကား ပြောကြားပြီး ဆက်လက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစောညီညီထွေးကထောက်ပံ့ပစ္စည်းများပေးအပ်ရခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားကာ လုံခြုံရေး ခနှင့်တရား ဥပဒေစိုးမိုးရေး ဆောင်ရွက်ရန်အတွက် အထောက်အကူပြုပစ္စည်းများကို မရမ်းကုန်းမြို့နယ် (၁၀) ရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူး များထံသို့ ပေးအပ်ခဲ့ရာ ရပ်ကွက် ၁၀ ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက အသီးသီး လက်ခံရယူခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်အမှတ်(၂) ဒေါ်မိုးမိုးစုကြည်၊ မြို့နယ်ရဲမှူး ဦးစိုးအောင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ စုစုပေါင်း အင်အား ၆၅ ဦး တက်ရောက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လူထုဗဟိုပြုစီမံကိန်းမှ ကျား၊ မ ရေးရာ သင်တန်းပို့ချ

**ကော့မှူး ဩဂုတ် ၃၁**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်အဖွဲ့တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကော့မှူးမြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ ကျေးရွာအဆင့် ကျား၊ မရေးရာသင်တန်းကို ဩဂုတ်လတတိယပတ်က ကော့မှူးမြို့နယ် ဝါသိခ်ကျေးရွာ၌ ကျင်းပသည်။

အဆိုပါစီမံကိန်းကို လူထုဗဟိုပြုစီမံကိန်း နည်းပညာအကြံပေးအဖွဲ့မှ ဒေါ်ခတ္တာစိုးက သင်တန်းပို့ချသည်။ သင်တန်းကို ကျား၊ မ ရေးရာ အခြေခံသဘောတရားများကိုနားလည် သဘောပေါက်စေရန်နှင့် လူထုဗဟိုပြုစီမံကိန်းတွင် အမျိုးသား၊ အမျိုးသမီးရေးရာ လိုအပ်ချက်များ အသုံးပြုရမည့် သဘောတရားများကို နားလည်သဘောပေါက်စေရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ရခြင်းဖြစ်ပြီး ဝါသိခ်အလယ်၊ အထက်ဈေးဆိပ်နှင့် သာယာကုန်းကျေးရွာများမှ စီမံကိန်းအထောက်အကူပြုကော်မတီဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သက်မှူး)**

# အင်းအတွင်းငါးသားပေါက်ကောင်ရေ ငါးသိန်း မျိုးစိုက်ထည့်

**လေးမျက်နှာ ဩဂုတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် သခွပ်ချောင်းကျေးရွာအုပ်စု၊ ကွန်းတောကျေးရွာ မြေနုမြစ်ကျိုးအင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၃၀ ရက် ညနေ ၅ နာရီက အဆိုပါအင်း၌ ကျင်းပသည်။

အခမ်းအနားသို့ လေးမျက်နှာမြို့နယ် အမှတ်(၁) မဲဆန္ဒနယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးထူးထက်၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံရေလုပ်သားအစုအဖွဲ့ဝင်များ တက်ရောက်ကြပြီး ငါးမြစ်ချင်းနှင့် ငါးမျက်ဆန်နီ သားပေါက်ကောင်ရေ လေးသိန်း၊ ငါးခေါင်းပွသားပေါက် ကောင်ရေ တစ်သိန်းတို့ကို စုပေါင်းစိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။

ဒေသနေပြည်သူအများစု၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန် အဓိကရည်ရွယ်ထားကြောင်း၊ ငါးမျိုးကောင်း မျိုးသန့်ရရှိရေးနှင့် ငါးမွေးမြူမှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနကလည်း ကူညီဆောင်ရွက်ပေးတာဖြစ်ကြောင်း၊ လုပ်ငန်းအောင်မြင်၍ ရေလုပ်သားအစုအဖွဲ့ဝင်များ၏ ဝင်ငွေတိုးတက်ရရှိရေးနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်စွမ်းသ၍ စုပေါင်းကြိုးပမ်းဆောင်ရွက်သွားကြမှာဖြစ်ကြောင်း ရေလုပ်သား အစုအဖွဲ့ခေါင်းဆောင် ဦးအောင်မြင့်ဌေးက ပြောပြသည်။

လေးမျက်နှာမြို့နယ်တွင် အင်းလုပ်ငန်းရှင်များ၊ ရေလုပ်သားအစုအဖွဲ့များအနေဖြင့် ငါးသယံဇာတတိုးပွားရေး၊ ဒေသတွင်းစားနပ်ရိက္ခာထုတ်လုပ်မှုတိုးတက်ရေးအတွက် လုပ်ပိုင်ခွင့်ရအင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း ဆောင်ရွက်လျက်ရှိသကဲ့သို့ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန အနေဖြင့်လည်းသဘာဝငါးမျိုးများလျော့နည်းမှုမရှိစေရေးအတွက် အင်းချောင်းများနှင့် သဘာဝရေပြင်များတွင် ငါးမျိုးစိုက်ထည့်ခြင်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးမျိုးသိမ်းထံမှ သိရသည်။

**ထွန်းဇော်ထွန်း(လေးမျက်နှာ)**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# ဥပဒေ၏အထက်တွင် ( Above the Law)

မောင်စာဂ

